# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၇)ရက် ၊ တနင်္လာနေ့ ၊ (27-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ရှစ်လမ်းသွားလမ်းဖောက်လုပ်နေမှု**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညိုရှစ်လမ်းသွားလမ်း

**စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

## ဆောင်းရာသီတွင်ဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်ပါ

ရာသီအကူးအပြောင်းကာလ လူကြီး၊ လူငယ်များနှင့် ကလေးများတွင် အအေးမိခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ အဆုတ်ရောင်ခြင်း စသည့်ရောဂါများဖြစ်ပွားတတ်ပေသည်။ အထူးသဖြင့် မိုးရာသီအကုန် ဆောင်းရာသီအကူးအပြောင်းကာလတွင် Influenza(တုပ်ကွေး) ရောဂါဖြစ်ပွားတတ်ပေသည်။

Influenza(တုပ်ကွေး)ရောဂါသည် ကူးစက်တတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်သည်။ ဆောင်းရာသီတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်း စသည့်ရောဂါများကိုလည်းဖြစ်စေနိုင်ပါသည်။ တုပ်ကွေး ရောဂါကူးစက်နိုင်ခြေကို လျှော့ချရန်အတွက် Mask တပ်ခြင်း၊ လက်ကိုမကြာခဏဆေးခြင်း၊ နှစ်စဉ်တုပ်ကွေးကာကွယ်ဆေးထိုးခြင်းတို့သည် အကောင်းဆုံးသော ကြိုတင်ကာကွယ်ခြင်းများ ဖြစ်ပေသည်။

ထို့ပြင် တုတ်ကွေးရောဂါကူးစက်မှုမဖြစ်ပွားစေရန် တစ်ပါးသူက နှာချေ၊ ချောင်းဆိုးလျှင် မိမိ၏မျက်နှာကို တစ်ဖက်သို့လွှဲ၍ အသက်ရှူထုတ်ရမည်ဖြစ်သည်။ မိမိက နှာချေ၊ ချောင်းဆိုးလျှင်လည်း နှာခေါင်းနှင့် ပါးစပ်ကို လုံအောင်အုပ်ထားရမည်ဖြစ်သည်။ လူထူထပ်သောနေရာများနှင့် ပွဲလမ်းသဘင်များသို့ သွားလာခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

အေးသောရာသီဥတုတွင် လည်ချောင်းနာခြင်းနှင့် အဆုတ်ရောင်ခြင်းအပါအဝင် အမျိုးမျိုးသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အဖြစ်များသည်။ အဆိုပါရောဂါများသည် ဗိုင်းရပ် သို့မဟုတ် ဗက်တီးရီးယားများကြောင့်ဖြစ်နိုင်ပြီး မကြာခဏ ချောင်းဆိုးခြင်း၊ မအီမသာဖြစ်ခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။

အဆုတ်ပွရောဂါခံရှိသူများအနေဖြင့် ဆောင်းရာသီတွင် ရောဂါပိုမိုဆိုးရွားမှုမဖြစ်စေရန် သတိပြုနေကြရမည်ဖြစ်ပေသည်။ အေးမြသောလေထုနှင့် ဘက်တီးရီးယားကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ပိုမိုဖြစ်ပွားတတ်သဖြင့် အအေးမမိစေရန်၊ လေကောင်းလေသန့်ရှူရှိုက်နိုင်ရန် စသည့် မိမိကျန်းမာရေးနှင့်ကိုက်ညီသော အမူအကျင့်များကို လိုက်နာရန် ဆင်ခြင်သတိပြုနေထိုင်သင့်သည်။

ဆောင်းရာသီတွင် အဖြစ်များသောရောဂါများနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများကို ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုရှိခြင်း၊ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ရေအလုံအလောက်သောက်ခြင်း၊ လိုအပ်လျှင် ကာကွယ်ဆေးထိုးခြင်း၊ နွေးနွေးထွေးထွေး ဝတ်စားဆင်ယင်ခြင်း၊ အာဟာရပြည့်ဝသော အစားအသောက်များကိုစားသုံးခြင်းအပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံကို ထိန်းသိမ်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးချက်များ ပြုလုပ်ခြင်းတို့မှာ အရေးကြီးလှပေသည်။

**"ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး"** ဟုဆိုထားရာ လူတိုင်းကျန်းမာမှ အလုပ်လုပ်နိုင်ပြီး လူမှုဘဝကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးချက်များကို လိုက်နာဆောင်ရွက်ပါက ဆောင်းရာသီတွင် ဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်ရာရောက်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၆၂
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းများ ကုသိုလ်ပြုဆောင်ရွက်



**မန္တလေး အောက်တိုဘာ ၂၆**

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင်ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းများကို ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးဝင်းအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မိသားစုစည်းရုံးရေး နှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူစုစုပေါင်း ဦးရေ ၇၀၀ ခန့်က ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇီဝိတဒါနအဖြစ် နှစ်လက်မအရွယ် ငါးအကောင် ၁၀၀၀၀ ကို ကန်တော်ကြီးအတွင်း လွှတ်ပေးခြင်းတို့ကို ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧက စိုက်ပျိုးမည်

**ငပုတော အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧကကို ယခုနှစ် နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ၃၈၁၁ ဧကတွင် မြေပဲ ၃၆၄၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၉၄ ဧက ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧကထိ လျာထားပြီး စိုက်ပျိုးမှာဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာလဲ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ဆီထွက်သီးနှံမြေပဲစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး နည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး စသည့် အသိပညာပေး လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးသွားသော အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ကျောက်တော်ကြီးဘုရားပြုပြင်နိုင်ရန်အတွက် အလှူငွေလှူဒါန်းပွဲများကျင်းပ




**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နိုင်ရေးအတွက် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ပရဝဏ်ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဆရာတော် ဆင်ဖြူမယ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တအဂ္ဂဥာဏ အမှူးပြုပြီး ဩဝါဒါစရိယဆရာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီးနောက် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဆင်ဖြူမယ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကထံက ဩဝါဒကထာ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရား ပြန်လည်ပြုပြင် မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများလျှောက်ထားရာတွင် မန္တလေးငလျင်ကြီးကြောင့် သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားရှင် သီတင်းသုံးရာဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်ကြီးမှာ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ ဂန္ဓကုဋိတိုက်တော်ကြီးကို ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံနိုင်ရေးအတွက် ပညာရှင်များမှ လိုအပ်သည့် ကွင်းဆင်းစစ်ဆေးမှုတွေ့ရှိချက်များနှင့် ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ ဆရာဒကာလက်တွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးများအား အမှူးထား၍ ခုနစ်ရက်သားသမီးများ ကောင်းမှုအလှူငွေကျပ် သိန်း ၅၀၀၀ နှင့် ရွှေစင်တစ်ကျပ်သား၊ ငွေစင် တစ်ကျပ်သား၊ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ သင်္ကန်းများ၊ နဝကမ္မဝတ္ထုငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆက်ကပ်လှူဒါန်း၍ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အလားတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ် တောင်သမန် မဟာသကျရံသီကျောက်တော်ကြီးဘုရားအား စိန်ဖူးတော်၊ ရွှေထီးတော်အသစ်တင်လှူနိုင်ရန်နှင့် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းသည့် အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကာ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး မြင်းခြံမြို့ ကျိုက်ထီးရိုးဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် မဟာသကျရံသီကျောက်တော်ကြီးဘုရား စိန်ဖူးတော်၊ ရွှေထီးတော်အသစ် တင်လှူနိုင်ရန်နှင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများ လှူဒါန်းရာ အလှူရှင် ဒေါ်သက်သက်မာ (Ruby Land Hotel) မိသားစုမှ မတည်လှူဒါန်းငွေကျပ် သိန်း ၅၀၀၀၊ အောင်သမာဓိမိသားစုမှ အလှူငွေကျပ် သိန်း ၁၀၀၊ မြဂုဏ်ရောင်အထည်ဆိုင် မိသားစုများမှ အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ကြကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော် ဘဒ္ဒန္တသီဟနာဒထံမှ ဩဝါဒကထာများနှင့် ဗိုလ်တောင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဒဿနာလင်္ကာရာဘိဝံသထံက အနုမောဒနာတရားများ နာယူကြည်ညိုခဲ့ကြကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၃၂ ကေထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၁၈ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၂၀၃၂ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဆင်းသုခစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ စပါးတွေ ဆန်တွေနဲ့အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဆင်းသုခစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ကမ်းလှမ်း ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ၂၁ ရာစု အာရှတန်ဖိုး

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃-၂၄ ရက်ကာလများတွင် ကမ္ဘောဒီးယားနိုင်ငံ စီယံရိမြို့၌ အာဆီယံနိုင်ငံများမှ "ပြန်ကြားရေး၊ မီဒီယာဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲ" တစ်ခု ကျင်းပခဲ့လေသည်။ မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်ခေါင်းဆောင်သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အရာထမ်းအချို့ အပါအဝင် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သိရပါသည်။

**ပတ်ဝန်းကျင်**

ယနေ့မျက်မှောက်ကာလတွင် SEATO အုပ်စု ဟူသော အဖွဲ့အစည်းသည် မရှိတော့ပေ။ ပျောက်ကွယ်သွားခဲ့ပြီ။ NATO ဟူသော ဥရောပစစ်အုပ်စုသည် ယခင်က ဆိုဗီယက်ပြည်ထောင်စု၏ ပြည်နယ်တစ်ခု ဖြစ်ခဲ့သော နိုင်ငံတစ်ခုကို အဖွဲ့ဝင်ဖြစ်ရန် ကြိုးစားရင်း ရုရှားနိုင်ငံနှင့် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်စသောနေတိုးနိုင်ငံတချို့ စစ်ရေးတင်းမာအားပြိုင်ခဲ့ရာမှ အမေရိကန်နိုင်ငံနှင့်ဥရောပ သဘောထားနှင့် အကျိုးစီးပွားသိသိသာသာ ကွဲပြားသွားပုံကို မြင်တွေ့လာရပေသည်။ ပွင့်ပွင့်လင်းလင်း ဖော်ပြရမည်ဆိုလျှင် အနောက်နိုင်ငံများသည် အာရှတိုက်ရှိ အင်အားတိုးတက်ဖွံ့ဖြိုးလာသော နိုင်ငံကြီးများကို ပိတ်ဆို့ဖိနှိပ်ရန်ကြိုးစားရင်းပင် ကမ္ဘာ့နိုင်ငံတကာအခြေအနေတွင် ဩဇာအကျဘက်သို့သိသိသာသာ ကျရောက်နေတော့သည်။ တရုတ်၊ အိန္ဒိယနှင့်ရုရှားတို့သည် သမိုင်းအစဉ်အလာ ရာဇဝင်ကောင်းခဲ့သော နိုင်ငံများဘဝမှ စက်မှုအရေးတော်ပုံနှင့် ဒီမိုကရေစီလှိုင်းလုံးများ လွှမ်းမိုးမှုကြောင့် နှစ်ဆယ်ရာစုအတွင်း ပြိုကွဲအားနည်းခြင်းရှိခဲ့ရသော်လည်း ယနေ့ကာလ ၂၁ ရာစုတွင်ကား ခေတ်မီသိပ္ပံနည်းပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးစသည့် အဘက်ဘက်မှ အင်အားကောင်းစွာ အရှိန်အဟုန်ဖြင့် တိုးတက်လာနေပေသည်။

**စန်းတက်ချိန်**

နိုင်ငံတကာ လေ့လာသုံးသပ်ကြသူပညာရှင်များက ၂၁ ရာစုသည် ကမ္ဘာပေါ်တွင် လူဦးရေအရ၊ နည်းပညာခေတ်မီတိုးတက်မှုအရ၊ ယဉ်ကျေးမှုနောက်ခံ ထွန်းကားခဲ့ခြင်း သမိုင်းကြောင်းအရ **"အာရှခေတ်ဆန်းချိန်"** ဟူသော ရေးသားထုတ်ဖော်ခြင်းများကို သိသာထင်ရှားစွာ ဖော်ပြပြောဆိုနေကြလေပြီ။ ခေတ်မီအောင် စာဖတ်ရပေမည်။

**၂၁ ရာစု** ဆိုသည်မှာ ၂၀၀၁ မှ ၂၁၀၀ ထိ ကြာရှည်မည့်အချိန်ကာလ အနှစ်တစ်ရာကို ခေါ်ဆိုခြင်းဖြစ်၏။

**ဆယ်စုနှစ်**ဆိုသည်မှာ ၂၀၂၁ မှ ၂၀၃၀ အထိ၊ ဆယ်နှစ်ကြာသည့်ကာလအပိုင်းကို ခေါ်ပါ၏။

**ထောင်စုနှစ်** ဆိုသည်မှာ၂၀၀၁ မှ ၃၀၀၀ အထိ အနှစ် တစ်ထောင်ကြာရှည်မည့်ကာလအပိုင်းအခြားကို ခေါ်ပါသည်။ အချိန်ကာလ နှစ်ပေါင်း သန်းနှင့်ချီ၍ တည်ရှိခဲ့သော ဤကမ္ဘာတွင် လူသားများယဉ်ကျေးမှု အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ လွန်ခဲ့သောနှစ် ၈၀၀၀-၁၀၀၀၀ ကစ၍ သိသိသာသာပြောင်းလဲလာခြင်းဖြစ်၏။ မြို့ပြထူထောင်ခြင်း၊ ဘာသာစကားပေါ်ပေါက်ခြင်း၊ စာပေဘာသာ အသုံးချတတ်လာခြင်း၊ စနစ်တကျဖွဲ့စည်းအုပ်ချုပ်သော နိုင်ငံများပေါ်ထွန်းလာခြင်းတို့သည် လူ့သမိုင်းဖြစ်၏။

လူတိုင်းလူတိုင်းက မိမိသမိုင်းကို ရေးနေကြပေသည်။ **မိမိပါဝင်သော နိုင်ငံ၏သမိုင်းကို ပါဝင်ရေးသားနေခြင်းလည်း ဖြစ်လေသည်။** ထို့ကြောင့် မိမိနိုင်ငံသမိုင်းက ဖြတ်သန်းခဲ့ရသော ဆယ်စုနှစ်၊ ရာစုနှစ်များကို သိသင့်ပါ၏။ လာမည့်အနာဂတ်၏ ထောင်စုနှစ်များကိုလည်း မြော်မြင်ကြည့်သင့်ပါ၏။ မိမိတည်ရှိနေဆဲဖြစ်သော (အချိန်ကာလအလျား)မိမိတို့၏ **သမိုင်း**ကို သိထားရမည်။ မိမိနေထိုင်ရာ မွေးဖွားရာနိုင်ငံနှင့် ကမ္ဘာ၏ **ပထဝီဝင်**ကို သိမြင်နားလည်ရပါမည်။ ယနေ့ ၂၁ ရာစု လူသားအားလုံး၏ ကိုယ်စီတာဝန်ပင်။

**၁။ ဆယ်စုနှစ်** = Decade

**၂။ ရာစုနှစ်** = Century

**၃။ ထောင်စုနှစ်** = Millennium

**ဘဝတစ်ခု**

လူသားတစ်ယောက်၏ ဘဝတစ်ခုသည် ဆယ်စုနှစ်အချို့သာ ပေါက်ဖွား၊ ရှင့်သန်၊ ဖြစ်တည်ရသော်လည်း (ရာစုနှစ်နှစ်ခု ရှင်သန်သူအချို့တော့လည်း ရှိကြပါသည်) ရာစုနှစ်များ၊ ထောင်စုနှစ်များအထိ အသိဉာဏ်အသုံးချ၍ မြင်နိုင်ကြသော စွမ်းရည်ကိုယ်စီ ရှိထားကြပါသည်။ လူ့ဘောင်လောကကို ထူးခြားဆန်းကြယ်စွာနှင့် လျင်မြန်စွာပြောင်းလဲနေသော ယနေ့နိုင်ငံတကာအခြေအနေနှင့် ကမ္ဘာ့ဖြစ်စဉ်ကြီးထဲတွင် လူသားတစ်ယောက်သည် ဘာမသိ၊ ညာမသိ မိမိရောက်ရှိနေသော အချိန်ကာလ (ခေတ်)နှင့် တည်ရှိရာအခြေအနေ(ပထဝီဝင်)ကို နားမလည်ပါက လွဲမှားနုံချာမှုကြောင့် ခက်ခဲကြမ်းတမ်းသော ဘဝသင်ခန်းစာများ ရလာပါလိမ့်မည်။ လူသားသည် ပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီဆီလျော်မှန်ကန်မှသာ ရှင်သန်နိုင်သည်။

**"အသက်ကိုဉာဏ်စောင့်"**ဟူသော မြန်မာဆိုရိုးစကား ရှိထားခဲ့သည် မဟုတ်လား။ နားလည်လက်ခံအသုံးချရမည်။ ဤစာကို ဖတ်ရှုနေသူသည် အသုံးချတတ်လျှင် ဘဝကိုပိုမိုကောင်းမွန်အဆင်ပြေအောင် ဖန်တီးရှင်သန်နိုင်လိမ့်မည်။ ဉာဏ်ရှိသူက ဘဝကို အဓိပ္ပာယ်ရှိစွာ ရှင်သန်တတ်၏။

**"အပေါင်းကြောင့် ဂုဏ်တက်၊**

**အပေါင်းကြောင့် ဂုဏ်ပျက်"**

ဤဆိုစကားသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်နေသော မြန်မာနိုင်ငံအတွက် ကမ္ဘာပေါ်တွင် အရှေ့တောင်အာရှဒေသ၏ နိုင်ငံတကာ မဟာဗျူဟာအရ အချက်အချာကျမှုကြောင့် တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ဥရောပ စသောနိုင်ငံများက ဆက်ဆံရေးကောင်းရန် လိုလားကြ၏။ အဏ္ဏမြူလက်နက်ပိုင်ဆိုင်ထားခြင်း၊ သိပ္ပံနှင့်ခေတ်မီနည်းပညာ ထွန်းကားခြင်း၊ လူဦးရေသန်းပေါင်း ၁၄၀၀ (များပြားစွာ)ရှိခြင်း၊ နိုင်ငံရေး၊ စီးပွားရေးတွင် ဩဇာရှိနေခြင်း၊ ယဉ်ကျေးမှုထွန်းကားခဲ့သော နောက်ခံသမိုင်းကြောင်းကောင်းခြင်း စသည်တို့နှင့် ပြည့်စုံသည့် တရုတ်နှင့်အိန္ဒိယနိုင်ငံများအလယ်တွင် တည်ရှိခြင်းသည်လည်း စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးပါ အလွန်ပင်အရေးပါသည့် ကောင်းကျိုး၊ ဆိုးကျိုးရနိုင်သည့်နေရာ (Location) တည်ရှိမှုဖြစ်နေ၏။ မြန်မာပြည်သားများသည် မိမိတို့၏ လက်ရှိအချိန်အခါ (သမိုင်း)နှင့် အခြေအနေ (ပထဝီနိုင်ငံရေး)ကို ကောင်းစွာသိမြင်ရပါမည်။ ဘာသိဘာသာနေ၍ တောလုပ်တောင်လုပ်၊ အိုးပြောချိုးပြော၊ အပြုအမူ အလွဲအမှားတွေ မပြုမိ၊ မပြောမိဖို့ အရေးကြီးလှပါ၏။ ရန်သူမရှာနှင့်။ မိတ်ဆွေတိုးလာအောင်နှင့် ဆက်ဆံရေးခိုင်မာအောင်သာ ပြုမူပြောဆိုတတ်ရပေလိမ့်မည်။ **နိုင်ငံသားတိုင်းက မျက်လုံးဖွင့်၊ နားစွင့်၊ နိုးကြားသော သတိနှင့် အမြင်ကျယ်သော မြန်မာနိုင်ငံသားတိုင်းရင်းသားများ ဖြစ်သင့်ပေသည်။**

> **❖ ပွင့်ပွင့်လင်းလင်းဖော်ပြရမည်ဆိုလျှင် အနောက်နိုင်ငံများသည် အာရှတိုက်ရှိအင်အားတိုးတက်ဖွံ့ဖြိုးလာသော နိုင်ငံကြီးများကို ပိတ်ဆို့ဖိနှိပ်ရန်ကြိုးစားရင်းပင် ကမ္ဘာ့နိုင်ငံတကာအခြေအနေတွင် ဩဇာအကျဘက်သို့ သိသိသာသာကျရောက်နေတော့သည်။ တရုတ်၊ အိန္ဒိယနှင့်ရုရှားတို့သည် သမိုင်းအစဉ်အလာ ရာဇဝင်ကောင်းခဲ့သော နိုင်ငံများဘဝမှ စက်မှုအရေးတော်ပုံနှင့် ဒီမိုကရေစီလှိုင်းလုံးများ လွှမ်းမိုးမှုကို နှစ်ဆယ်ရာစုအတွင်း ပြိုကွဲအားနည်းခြင်းရှိခဲ့ရသော်လည်း ယနေ့ကာလ ၂၁ ရာစုတွင်ကား ခေတ်မီသိပ္ပံနည်းပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးစသည့် အဘက်ဘက်မှ အင်အားကောင်းစွာ အရှိန်အဟုန်ဖြင့် တိုးတက်လာနေပေသည်။ ❖**

**ကံကောင်းသူ**

မြန်မာလူမျိုးများ၏ ဘဝပေးအခြေအနေ ကံကောင်းခြင်းများ များစွာရှိလေသည်။ ဤအကျိုးရခြင်း၏ အကြောင်းတရားလည်း ဖော်ပြလျှင် ရှည်လျားများပြား၍ ကြွားရာရောက်မည်စိုး၍ မရေးတော့ပါ။

မြန်မာလူမျိုးသည် နိုင်ငံပေါင်း ၁၉၀ ကျော်တွင် သူတစ်ပါးကို ကူညီဖေးမ၊ လှူဒါန်းဝေမျှ ပေးကမ်းတတ်ခြင်းအရာ လေ့လာသုတေသနပြုချက်အရ နှစ်စဉ်နှစ်တိုင်း အမေရိကန်မှအပ **"စေတနာအကောင်းဆုံးနိုင်ငံသားများ"** ဖြစ်ကြ၏။ လူချမ်းသာအများဆုံး အမေရိကန်ပြီးလျှင် စိတ်ထားနှလုံးသား အကြင်နာတတ်ဆုံး မြန်မာက ဒုတိယ။ **ဒါနကုသိုလ်အရာ နိုင်ငံတကာက အံ့ဩလေးစားခံရ၏။**

မြန်မာလူမျိုးသည် အေဒီ သုံးရာစု၊ လေးရာစု မတိုင်မီကာလဆီကပင် တကောင်း၊ သရေခေတ္တရာ၊ ဟန်လင်း စသော ပျူခေတ်နိုင်ငံမြို့ပြ ထူထောင်နိုင်သော လူမျိုး။ ထိုအချိန်က အင်္ဂလိပ်လူမျိုးတို့သည် အရိုင်းအစိုင်းဘဝ၊ ကျေးရွာသူကြီးတောင် ရှိပုံမရသေး။ မြန်မာက အစဉ်အလာ ယဉ်ကျေးလှ။

ယခင်က မြန်မာဟူသော တိဗက်တိုဘားမင်းလူတစ်စုက မြောက်ဘက်ကုန်းမြင့်မှ မြန်မာ့ယခုမြေဆီသို့ ပြောင်းရွှေ့ဝင်ရောက်ခဲ့သော ယူဆချက်သမိုင်းသည်လည်း ဘူမိဗေဒပညာရှင် ဆရာကြီး ဦးဘမော်၏ သုတေသနဖော်ထုတ်ချက်အရ မြန်မာလူမျိုးတို့သည် အခြားနေရာမှ ရွှေ့ပြောင်းဝင်ရောက်လာကြသူများ မဟုတ်ကြ။ လွန်ခဲ့သောနှစ်ပေါင်း ထောင်ချီပြီး အခြေတကျနေထိုင်ခဲ့ကြသူများဖြစ်ကြောင်း အရိုးများ ခေတ်ခွဲလေ့လာချက် အထောက်အထားဖြင့် နိုင်ငံတကာသိပ္ပံပညာရှင်များက လက်ခံအတည်ပြုခဲ့ပြီးဖြစ်၏။ **ဂုဏ်ယူစရာကြီးမားလှသော သမိုင်းတွေ့ရှိချက်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းပင်။** လူသားမျိုးနွယ်စတင်ရာ ဒေသသည် ပုံတောင်ပုံညာ (မြိုင်၊ ဂန့်ဂေါ) မကွေးတိုင်းထဲမှာရှိခဲ့ကြောင်း သမိုင်းသုတေသနသည်လည်း နိုင်ငံတကာ သမိုင်းပညာရှင်များ အံ့ဩစွာလက်ခံအတည်ပြုခဲ့သော တွေ့ရှိချက်ပင်ဖြစ်၏။

ထားပါတော့။ မြန်မာများ မိမိကိုယ်ကို မသိမ်ငယ်မိရန် ပြောစရာတွေ များစွာရှိနေသော်လည်း အဓိကအချက်သို့သာ ဆက်ကြပါစို့။

**အမွေ**

လူမျိုးပဲဖြစ်ဖြစ်၊ မိသားစုပဲဖြစ်ဖြစ် နောက်ကြောင်းသမိုင်း(အတိတ်)နှင့် အသစ်တီထွင်နိုင်မှု(အနာဂတ်) ဆိုသည်မှာ ကွင်းဆက်ရှိကြသည်။ အသစ်အသစ်ဖြစ်ပေါ်မှုသည် ဖန်ဆင်းရှင်က ဖန်တီးပေးခြင်းမဟုတ်ပေ။ အလိုလို မိုးပေါ်ကကျလာခြင်းလည်း မဟုတ်ပါ။ ကံဇာတာတက်သဖြင့်ဆိုလျှင်ပင် ယခင်ကမိမိပြုခဲ့သော ကောင်းမှုကုသိုလ်တို့၏ အကျိုးဆက်(ကမ္မနိယာမ၊ ဗီဇနိယာမ)အရ ပေါ်ပေါက်ခြင်းသာ မဟုတ်ပါလား။

**အမွေအနှစ်(Legacy)** ဆိုတာရှိပါ၏။ **အသစ်တီထွင်ခြင်း (Innovation)** ဟုရှိ၏။

အမွေအနှစ်ရှိခဲ့ခြင်းကို ပြုပြင်ပြောင်းလဲ ဖန်တီးတတ်သော အစွမ်းသတ္တိရှိပါမှ အသစ်တီထွင်ရရှိ၏။ ရေခံ၊ မြေခံနှင့် အသီးအပင်ဟု တင်စားဥပမာပြုလျှင် သင့်မည်ထင်ပါ၏။ လက်ရှိလူသားကတော့ အဓိကပေါ့။

စာပေ၊ ဂီတ၊ ပန်းချီ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအရာတွင် အမွေအနှစ်များသည် မြန်မာပြည်သားများအတွက် နိုင်ငံခြားသားများ အံ့အားသင့်အောင် ပေါကြွယ်ဝသည် မဟုတ်လား။

**အမျိုးသားလက္ခဏာ**

မြန်မာလူမျိုးတို့၏ ဗီဇစရိုက်လက္ခဏာများတွင် ရဲရင့်ခြင်း၊ စွန့်စားဝံ့ခြင်း၊ မျိုးချစ်စိတ်ထက်သန်ခြင်း၊ ဉာဏ်ကောင်းခြင်း၊ သိလွယ်တတ်လွယ်၊ အတုယူလွယ်ခြင်း၊ ဖြတ်ထိုးဉာဏ်၊ ဇဝနဉာဏ်ကောင်းခြင်းတို့ ပြည့်စုံကြောင်း နယ်ချဲ့အင်္ဂလိပ်အရာထမ်းများ၏ ထင်ရှားသော ကမ္ဘာကျော်မှတ်တမ်းများ၊ စာအုပ်များ၊ မြန်မာ့အပေါ် ကိုယ်တိုင်မြင်တွေ့ သိရှိအကဲဖြတ်ချက်များက သက်သေခံနေ၏။ လက်တွေ့သိသာသည်မှာ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူမှာ အလုပ်အကိုင် လုပ်ကိုင်နေကြသော မြန်မာများသည် အခြားဝန်ထမ်းများထက်ပို၍ သိသိသာသာသင်လျှင်တတ်လွယ်ကြောင်း ပြောကြ၊ ဆိုကြသည်ကို ကြည့်ကြပေတော့။ တွေ့ကြပြီ မဟုတ်လား။

မြန်မာများသည် မျိုးရိုးသမိုင်းအရ ပင်ကိုဉာဏ်ရည် မြင့်ကြ၏။ ကောင်းပါ၏။ ဆိုးသည်က မနာလိုစိတ်များခြင်းနှင့် ရန်လိုတတ်ခြင်း၊ စည်းလုံးတတ်မှု အားနည်းခြင်း၊ ဤအချက်များကတော့ ၂၁ ရာစုမှာ ပြုပြင်ပြောင်းလဲ၊ စွန့်လွှတ်ပစ်ခဲ့မှ ရပေမည်။ တိုးတက်ချင်လျှင်။

**အာရှတန်ဖိုး**

အာရှတန်ဖိုးအကြောင်းကိုကား စာဖတ်နာသူများ၊ စာဖတ်ဝါသနာပါသူများအတွက် လွန်ခဲ့သောနှစ် ၄၀-၅၀ ကာလကပင် အရှေ့တိုင်း၊ အနောက်တိုင်း သမိုင်းပညာရှင်များ၊ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ အခါခါ အထပ်ထပ် ရေးခဲ့၊ ပြောခဲ့၊ ဖော်ပြခဲ့ပြီးလေပြီ။ ဤနေရာတွင် ရှင်းပြစရာလိုမည်မထင်ပေ။ အထူးသဖြင့် စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုနှင့် မလေးရှားနိုင်ငံကို မြှင့်တင်ခဲ့သော မလေးရှားဝန်ကြီးချုပ် ဒေါက်တာ မဟာသီယာမိုဟာမက်(ယခု မကြာမီက အသက် ၁၀၀ ပြည့်ခဲ့ပြီ။ သက်ရှိထင်ရှားရှိပါ၏။) စသည်တို့၏ အရေးအသားများ၊ မှတ်တမ်းများ၊ မိန့်ခွန်းများကိုလေ့လာလျှင် ထင်ရှားစွာသိမြင်ပါလိမ့်မည်။

**စာမျက်နှာ ၅ သို့ á**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒ့ါအပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှုကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၅၇၉ ကေ စိုက်ပျိုးမည်



ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၅၇၉ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၅၇၉ ဧကကို နိုဝင်ဘာလ ပထမပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများစိုက်ပျိုးရန် မြေယာပြုပြင်သည့် လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၄၅၇၉ ဧကထိ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ အသီးအနှံတွေကို အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

အဆိုပါ စားဖိုဆောင်သီးနှံ ၄၅၇၉ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံ၊ ဟင်းနုနယ်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

**á စာမျက်နှာ ၄ မှအဆက်**

ဆက်လက်လေ့လာနိုင်ပါသည်။

မြန်မာမှာကြွယ်ဝသော Legacy အမွေအနှစ်များ ပိုင်ဆိုင်ထားပြီးသားရှိကြောင်း နားလည်သိမြင်ပါ။

မြန်မာသည် အသစ်တီထွင်နိုင်စွမ်း Innovation ရှိသူများဖြစ်ကြောင်း ပညာရှင်များ မိမိကိုယ်ကို ယုံကြည်ပါ။

**ပန်ကြားလို**

စာရေးသူက ပညာရေးလောကတစ်ခုလုံးရှိ ဆရာ၊ ဆရာမများကို လေးစားရိုသေစွာ အကြံပြုတင်ပြခွင့်ပေးပါ။ အခြားမဟုတ်ပါ။ (ပညာရေးဝန်ကြီးဌာနက ရုံးထိုင်ထိပ်ပိုင်းအရာရှိများက အဓိကပေါ့ခင်ဗျာ) ဆရာကြီး၊ ဆရာမကြီးတို့က အမွေအနှစ်နှင့် အသစ်တီထွင်မှုကို မျှမျှတတ သင်ကြားလေ့ကျင့်ပေးစေလိုပါသည်။ သမိုင်းနှင့်ပထဝီကို စိတ်ဝင်စားအောင်သင်သကဲ့သို့ သင်္ချာနှင့် သိပ္ပံကိုလည်း နားဝင်အောင် နားလည်အောင် သင်ကြားပေးနိုင်ပါစေ။

ကျောင်းစာသင်ခန်းမှာချည်း အချိန်မကုန်စေဘဲ အားကစားကွင်း၊ စာကြည့်တိုက်နှင့် လူမှုအကျိုးပြုလုပ်ငန်း ဆက်ဆံရေးကျွမ်းကျင်မှုများလည်း တိုးတက်စေရန် ပျိုးထောင်ပေးစေချင်ပါ၏။ အောက်ပါစာအုပ်များကို စာကြည့်တိုက်မှာရှိနေအောင်တင်ပြ၍ဖြစ်စေ၊ အလှူခံ၍ဖြစ်စေ ဖြည့်တင်းထားသင့်ပါသည်။

| | | |
|---|---|---|
| ၁။ | ပုံပြဗုဒ္ဓဝင်ရောင်စုံစာအုပ်ကြီး | အရှင်ဇနကာဘိဝံသနှင့် ပန်းချီဦးဘကြည် |
| ၂။ | ကိုယ်ကျင့်အဘိဓမ္မာ | အရှင်ဇနကာဘိဝံသ |
| ၃။ | မိတ္တဗလဋီကာ | ဦးနု |
| ၄။ | အကြံဉာဏ်ဖြင့်ကြီးပွားရေး | ရွှေဥဒေါင်း |
| ၅။ | လူစွမ်းလူစနှင့်လူဖြစ်နည်း | ပီမိုးနင်း |
| ၆။ | မြန်မာစာပေသမိုင်း | ဦးဖေမောင်တင် |
| ၇။ | ဇော်ဂျီကဗျာပေါင်းချုပ် | ဇော်ဂျီ |
| ၈။ | မင်းသုဝဏ်ကဗျာပေါင်းချုပ် | မင်းသုဝဏ် |
| ၉။ | မောင်ခင်မင်(ဓနုဖြူ) | စာအုပ်များအားလုံး |
| ၁၀။ | ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) | စာအုပ်များရနိုင်သမျှ |
| ၁၁။ | နန္ဒာသိန်းဇံ၊ ဇေယျာမောင်၊ သုခ၊ လှသမိန်၊ ဖေမြင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ လယ်တွင်းသားစောချစ် စသည့် ဖတ်ချင့်စဖွယ် စာအုပ်များ။ | |

## ဆုတောင်းပတ္ထနာ

\- လူ့ပြည်ရွာ သာစေကြောင်းရယ်နဲ့
တောင်းဆုပြု အခါခါ၊
နှလုံးအိမ် ဝွမ်းဆီထိသို့
ရွှန်းပီတိဖြာ၊
ဉာဏ်တံခါး ပွင့်လို့သာ
မင်္ဂလာ အချိန်ရောက်၊
ကောင်းကင်ယံ ကြယ်တစ်သင်းတို့
လင်းလက်လို့ပေါက်။

\- ကမ္ဘာမြေ တစ်မိုးအောက်
ထွန်းတောက်တဲ့ လူတော်တွေ၊
ပြည့်တာဝန် ကိုယ်စီရှိသမို့
အသိဖြာဝေ၊
ဆန္ဒပြု ပတ္ထနာခြွေ
မေတ္တာရည် ပက်ကာဖျန်း၊
တူညီညာ ရွှေလက်တွဲလို့
အမြဲရွှင်လန်း။

\- ရည်ရွယ်ရာ အရောက်လှမ်းစို့
ပန်းတိုင်သို့ ချီတက်မယ်၊
ကတိသစ္စာ ရင်မှာကိန်း
စောင့်ထိန်းကြကွယ်၊
ယုံကြည်ချက် ခိုင်မာတယ်
ထမ်းရွက်သယ် ပြည့်အကျိုး၊
ဇာတိမာန် မျိုးချစ်စိတ်ကိုဖြင့်
ဦးထိပ်သယ်ပိုး။ ။

**မောင်လှစိုး**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မိုင်းလွေကျေးရွာအုပ်စုမိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်သဇင်နှင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက မိုင်းလွေကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးနိုင်အောင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မိုင်းလွေကျေးရွာ၌ အရှည်ပေနှစ်မိုင်ရှိ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် John Shalကုမ္ပဏီက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၁၁ သန်းဖြင့် ဇူလိုင်လ တတိယပတ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# ထိုင်းနှင့်ကမ္ဘောဒီးယားတို့ နှစ်နိုင်ငံငြိမ်းချမ်းရေးသဘောတူညီချက် ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုး




**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

ထိုင်းနှင့် ကမ္ဘောဒီးယားတို့၏ နှစ်နိုင်ငံငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ယနေ့တွင် ကျင်းပခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကိုယ်တိုင် အသိသက်သေအဖြစ် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံငြိမ်းချမ်းရေး သဘောတူညီချက်ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ရှေ့မှောက်၌ ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တို့က လက်မှတ် ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသည် ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ တက်ရောက်ရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိခဲ့ပြီးနောက်သမ္မတဒေါ်နယ်ထရမ့်တက်ရောက်ခဲ့သည့် ပထမဆုံး အခမ်းအနားဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား ဖြစ်ပွားခဲ့သည့် ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ပြီးဆုံးရေးအတွက် ကြားဝင်စေ့စပ်ပေးခဲ့သူဖြစ်သည်။

ယနေ့တွင် လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံငြိမ်းချမ်းရေးသဘောတူညီချက်အရ ထိုင်းနိုင်ငံက ကမ္ဘောဒီးယားအကျဉ်းသားများကို ပြန်လွှတ်ပေးမည်ဖြစ်ပြီး ကမ္ဘောဒီးယားက နယ်စပ်တစ်လျှောက်ချထားသည့် လက်နက်ကြီးများကို ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်သည်။

ကွာလာလမ်ပူခရီးစဉ် ပြီးဆုံးချိန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယား နိုင်ငံများသို့ ဆက်လက် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘူရီဗက်စနစ် နျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်သစ် ရုရှားနိုင်ငံ စမ်းသပ်

**မော်စကို အောက်တိုဘာ ၂၆**

နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သော နျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်သစ်တစ်မျိုးကို ရုရှားနိုင်ငံက စမ်းသပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘူရီဗက်စနစ် အမည်ရှိ အဆိုပါနျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်စမ်းသပ်မှုကို ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လာရီဂျီရာဆီမော့ဗ်က ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံစဉ် အတည်ပြုတင်ပြခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်၏ အဆိုအရ ဘူရီဗက်စနစ် ခရုစ်ဒုံးကျည်သည် စမ်းသပ်မှုအတွင်း ၁၅ နာရီကြာ ပျံသန်းခဲ့ပြီး ခရီးအကွာအဝေးမိုင် ၈၇၀၀ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘူရီဗက်စနစ် ခရုစ်ဒုံးကျည်သည် အကန့်အသတ်မရှိ ပျံသန်းနိုင်စွမ်းရှိမှုနှင့် ခန့်မှန်းရခက်သည့် ပျံသန်းရာလမ်းကြောင်းတို့ကြောင့် လက်ရှိလေကြောင်းရန် ကာကွယ်ရေးစနစ်များကာကွယ်နိုင်စွမ်းမရှိသည့် လက်နက်တစ်မျိုးဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

ဘူရီဗက်စနစ် ခရုစ်ဒုံးကျည် စမ်းသပ်မှုမှာ အောင်မြင်မှုရှိခဲ့သည်ဖြစ်ရာ စစ်ရေးအရ စတင်ဖြန့်ကြက်နိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်က ပြောကြားထားသည်။

ဘူရီဗက်စနစ် ခရုစ်ဒုံးကျည် စမ်းသပ်မှုပြုလုပ်ခဲ့သည့်အချိန်နှင့် မည်သည့်နေရာ၌ စမ်းသပ်ခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တရုတ်နှင့်အိန္ဒိယတို့ ပြန်လည်စတင်

**ဒေလီ အောက်တိုဘာ ၂၆**

အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငါးနှစ်ကြာ ရပ်တန့်ထားသည့် နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များပျံသန်းမှုကို ယနေ့တွင် ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။




နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံစလုံးက ကြိုးပမ်းနေစဉ် နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ခရီးစဉ်များ ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၀ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွားဟိမဝန္တာနယ်စပ်တစ်နေရာ၌ နှစ်နိုင်ငံနယ်ခြားစောင့်တပ်များကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယတို့ကြား နှစ်နိုင်ငံဆက်ဆံရေး အကြီးအကျယ် တင်းမာခဲ့ရကြောင်း သိရသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံနှင့် အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်နေချိန်တွင် တရုတ်နှင့် အိန္ဒိယတို့ကြား နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့သည်။

နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ခရီးစဉ်များ ပြန်လည်စတင်ပြေးဆွဲနိုင်ခြင်းကြောင့် ကုန်သွယ်ရေးလုပ်ငန်းများပြန်လည်အားကောင်းလာမည်ဖြစ်ကြောင်း အိန္ဒိယ အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

# မီသမ်ဖက်တမင်းမူးယစ်ဆေးဝါးတစ်တန်ကျော် အိန္ဒိယသမုဒ္ဒရာဒေသ၌ ကင်ညာရေတပ်ကြားဖြတ်ဖမ်းဆီး

**နိုင်ရိုဘီ အောက်တိုဘာ ၂၆**

ကင်ညာနိုင်ငံ မမ်ဘာဆာမြို့ ကမ်းလွန် အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း အမေရိကန်ဒေါ်လာ ၆၃သန်းတန်ဖိုးရှိ မီသမ်ဖက်တမင်း မူးယစ်ဆေးများကို ကင်ညာရေတပ်က အောက်တိုဘာ ၂၅ ရက်တွင် ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီသမ်ဖက်တမင်း မူးယစ်ဆေးများကို မမ်ဘာဆာမြို့ ကမ်းရိုးတန်းနှင့် မိုင်ပေါင်း ၄၀၀ နီးပါးအကွာ အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း ကင်ညာရေတပ်က ကြားဖြတ်ဖမ်းဆီး နိုင်ခဲ့ခြင်းဖြစ်သည်။

မီသမ်ဖက်တမင်း မူးယစ်ဆေးဝါးတင် သင်္ဘောပေါ်တွင် တွေ့ရှိရသည့် အီရန်နိုင်ငံသားခြောက်ဦးတို့ကိုလည်း ကင်ညာရေတပ်က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ကင်ညာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းတစ်လျှောက် မူးယစ်မှောင်ခိုလုပ်ငန်း အားကောင်းလာမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

ကင်ညာရေတပ်က အောက်တိုဘာ ၂၅ ရက်တွင် ကြားဖြတ်ဖမ်းဆီးနိုင်သော မီသမ်ဖက်တမင်း မူးယစ်ဆေးဝါးပမာဏမှာ အလေးချိန် တစ်တန်ကျော်ထိရှိကြောင်း သိရသည်။

ကင်ညာ ကမ်းရိုးတန်းဒေသများ၌ လူငယ်ရာပေါင်းများစွာတို့မှာ မီသမ်ဖက်တမင်းနှင့် ဘိန်းဖြူစွဲလမ်းမှုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : RT

Trs : KKO



# ဆိုက်ဘာရာဇဝတ်မှုများကို ဖြေရှင်းရန်ရည်ရွယ်သည့် ပထမဆုံးသော ကုလသမဂ္ဂစာချုပ်တစ်ရပ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ကျော်တို့ လက်မှတ်ရေးထိုး

**နယူးယောက် အောက်တိုဘာ ၂၆**

ဆိုက်ဘာ ရာဇဝတ်မှုများကို ဖြေရှင်းရန် ရည်ရွယ်သည့် ပထမဆုံးသော ကုလသမဂ္ဂစာချုပ်တစ်ရပ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ကျော်တို့က အောက်တိုဘာ ၂၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်း အမည်ရှိ အဆိုပါစာချုပ်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကမ္ဘာ့နိုင်ငံ ၆၀ ကျော်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဆိုက်ဘာ ရာဇဝတ်မှုများကို တားဆီးရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးအတွက် အဆိုပါကုလသမဂ္ဂ ကွန်ဗင်းရှင်းကို ကမ္ဘာ့နိုင်ငံများက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပါဝင်လက်မှတ် ရေးထိုးထားသည့် နိုင်ငံများမှ သက်ဆိုင်ရာ လွှတ်တော်များက အတည်ပြုပြီးချိန်တွင် အထက်ပါ ကုလသမဂ္ဂ ကွန်ဗင်းရှင်း စတင် အာဏာသက်ဝင်မည်ဖြစ်သည်။

ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေးကုလသမဂ္ဂ ကွန်ဗင်းရှင်းကို နိုင်ငံပေါင်း ၆၀ ကျော်တို့ လက်မှတ်ရေးထိုးနိုင်မှုမှာ အရေးကြီးသော ခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထုတ်ဖော်ပြောကြားထားသည်။


ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေး နိုင်ငံတကာကွန်ဗင်းရှင်း ရယူရေးအဆိုကို ရုရှားသံတမန်များက ၂၀၁၇ ခုနှစ်ကပင် တင်ပြခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## သက်ရှိများရှင်သန်ဖွံ့ဖြိုးရေးအတွက် သင့်လျော်သောအခြေအနေရှိသည့် ကျောက်သားဂြိုဟ်ကြီးတစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား



**ဝါရှင်တန် အောက်တိုဘာ ၂၆**

သက်ရှိများရှင်သန်ဖွံ့ဖြိုးရေးအတွက် သင့်လျော်သောအခြေအနေရှိသည့် ကျောက်သားဂြိုဟ်ကြီးတစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားထားသည်။

GI 251C အမည်ရှိ အဆိုပါဂြိုဟ်သည် ကမ္ဘာနှင့်အလင်းနှစ် ၂၀ ခန့်တွင်တည်ရှိပြီး ကမ္ဘာဂြိုဟ်ထက် လေးဆပိုကြီးသော ကျောက်သားဂြိုဟ်တစ်စင်း ဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

GI 251C ဂြိုဟ်သည် ၎င်းဗဟိုပြုလည်ပတ်နေသည့် မိခင်ကြယ်နှင့် မနီးလွန်း မဝေးလွန်းသော ပတ်လမ်းပေါ်၌ နေရာယူထားရာ သက်ရှိများ ရှင်သန်ရေးအတွက် သင့်လျော်သည့်အခြေအနေများရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GI 251C ဂြိုဟ်သည် သက်ရှိများရှင်သန်ရေးအတွက် နောက်ခံအခြေအနေများ ရှိနေနိုင်သည့် ကမ္ဘာဂြိုဟ်နှင့် အနီးစပ်ဆုံးဂြိုဟ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

GI 251C ဂြိုဟ်၌ လေထုလွှာရှိမရှိကို လာမည့် ၁၀ နှစ်အတွင်း ရေဒီယိုတယ်လီစကုပ်သစ်များဖြင့် ဖော်ထုတ်အတည်ပြုနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နှစ်ပေါင်း ၆၆ သန်းက နောက်ဆုံးရှင်သန်ခဲ့ကြသော ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို နယူးမက္ကဆီကိုပြည်နယ်၌ တူးဖော်တွေ့ရှိ

**အီဒင်ဘတ် အောက်တိုဘာ ၂၆**

လွန်ခဲ့သော နှစ်ပေါင်း ၆၆ သန်းက ကမ္ဘာဂြိုဟ်ကို ဂြိုဟ်သိမ်တစ်စင်း ဝင်တိုက်ခဲ့ချိန် နောက်ဆုံး ရှင်သန်ခဲ့ကြသော ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်၌ တူးဖော်တွေ့ရှိထားကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်ဒေသပေါ်သို့ ဂြိုဟ်သိမ်ကျရောက်ခဲ့ချိန်တွင် နယူးမက္ကဆီကိုပြည်နယ်တည်ရှိရာနေရာ၌ ဒိုင်နိုဆောများစွာ ရှင်သန်နေဆဲဖြစ်သည်ကို တွေ့ရကြောင်း စကော့တလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နယူးမက္ကဆီကိုပြည်နယ်၌ တူးဖော်တွေ့ရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ လွန်ခဲ့သည့်နှစ်ပေါင်း ၆၆ သန်းက Alamosaurus ကဲ့သို့သော အရွယ်အစားအလွန်ကြီးမားသော ဒိုင်နိုဆောများအပါအဝင် ဒိုင်နိုဆောမျိုးစိတ် အများအပြား ရှင်သန်နေကြဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



Alamosaurus ဒိုင်နိုဆောများသည် ကိုယ်ထည်အလျား ပေ ၃၀ မှ ပေ ၅၀ ထိ ရှည်လျားပြီး ကိုယ်အလေးချိန် တန် ၃၀ မှ တန် ၈၀ ထိရှိသည့် ဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## HTV-X အာကာသကုန်တင်ယာဉ်သစ်ကို ဂျပန်အာကာသအေဂျင်စီ လွှတ်တင်ခဲ့



**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်အာကာသအေဂျင်စီသည် HTV-X အမည်ရှိ အာကာသကုန်တင်ယာဉ်သစ်ကို ယနေ့တွင် နိုင်ငံတကာအာကာသစခန်းဆီသို့ ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

HTV-X အာကာသကုန်တင်ယာဉ်သစ်ကို အိတ်ချ်-၃ ဒုံးပျံဖြင့်တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သစ်သည် အောက်တိုဘာ ၂၉ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့ မစ်ရှင်များအတွက် အိတ်ချ်-၂ အာကာသကုန်တင်ယာဉ်များနေရာတွင် HTV-X အာကာသကုန်တင်ယာဉ်သစ်ကို အစားထိုးသုံးစွဲမည်ဖြစ်ပြီး HTV-X အာကာသကုန်တင်ယာဉ်သည် အရှည် ရှစ်မီတာရှိပြီး ကုန်စည်အလေးချိန် ကီလိုဂရမ် ၆၀၀၀ ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် အိတ်ချ်-၂ အာကာသကုန်တင်ယာဉ်ကို ၂၀၀၉ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတကာအာကာသစခန်းသို့ ကိုးကြိမ်ထိ လွှတ်တင်ခဲ့ပြီးနောက် အနားပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## အရက်ကို အတိုင်းအဆမရှိသောက်ခြင်းက သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်

**တိုကျို အောက်တိုဘာ ၂၆**

အရက်ကို အတိုင်းအဆမရှိ သောက်သုံးခြင်းက သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ဂျပန်နိုင်ငံ ရှင်လုကာနိုင်ငံတကာဆေးရုံကြီးမှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူပေါင်း ၃၆၀၀၀၀ ခန့်တို့၏ ကျန်းမာရေးစစ်ဆေးချက်ရလဒ်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အရက်ကို မည်သည့် အတိုင်းအဆမျိုးဖြင့် သောက်သုံးသည်ဖြစ်စေ သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်သည်ကိုတွေ့ရကြောင်း၊ သို့ရာတွင် အရက်ဖြတ်ခြင်း၊ လျှော့သောက်ခြင်းတို့ဖြင့် သွေးဖိအား ပုံမှန်ထက် မြင့်တက်လာနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဂျပန် သုတေသန ပညာရှင်များက ပြောကြားသည်။

အရက်ကို များများသောက်လေလေ သွေးဖိအားလည်း ပို၍မြင့်တက်လာနိုင်လေလေဖြစ်ပြီး နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

သို့ရာတွင် မိမိတို့၏ လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ အရက်သောက်သုံးမှုကို လျှော့ချခဲ့ပါကသွေးဖိအားကိုလည်း ပြန်လည်လျှော့ချနိုင်သည်ကို တွေ့ရကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## သွားဖုံးရောင်ရောဂါက လေဖြတ်နိုင်ခြေ မြင့်တက်လာမှုများနှင့် ဆက်စပ်မှုရှိနေ

**နယူးယောက် အောက်တိုဘာ ၂၆**

သွားဖုံးရောင် ရောဂါသည် လေဖြတ်နိုင်ခြေ မြင့်တက်လာမှုများနှင့် ဆက်စပ်မှုရှိနေနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်၏ လေ့လာတွေ့ရှိချက်အရ သွားဖုံးရောင်ရောဂါနှင့်သွားပိုးစားရောဂါတို့သည် ရောင်ရမ်းမှု ပြဿနာနှင့် ဆက်စပ်နေပြီး ဦးနှောက်အတွင်းရှိ white matter ခေါ် နာ့ဗ်ဆဲလ်အစုအဝေးများ ပျက်စီးမှုနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

ရောင်ရမ်းမှု ပြဿနာသည် နှလုံးသွေးကြောငယ်များ မာကျစ်လာမှုပြဿနာနှင့် ဆက်စပ်နေသည်ဖြစ်ရာ လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွားဖုံးရောင်ရောဂါနှင့် သွားပိုးစားရောဂါနှစ်မျိုးစလုံးရှိနေသူများ၌ လေဖြတ်နိုင်ခြေမှာ ပုံမှန်ထက် ၈၆ ရာခိုင်နှုန်းထိ မြင့်တက်နေကြောင်း သိရသည်။

သို့ဖြစ်ရာ လေဖြတ်နိုင်ခြေကို လျှော့ချရေးအတွက် သွားကျန်းမာရေးကို အလေးထားရန်လိုကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ သွားဖုံးရောင်ရောဂါ သို့မဟုတ် သွားပိုးစားရောဂါ ခံစားနေရသူ အရေအတွက်မှာ ၃ ဒသမ ၅ ဘီလီယံထိရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူအသင်းနည်းပြဘဝတွင် အာမိုရင် ပထမဆုံးအကြိမ် သုံးပွဲဆက်နိုင်ပွဲရရှိ

မန်ချက်စတာ အောက်တိုဘာ ၂၆

မန်ယူအသင်းက ဘရိုက်တန်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် နည်းပြ အာမိုရင်သည် မန်ယူအသင်းနှင့်အတူ ပထမဆုံးအကြိမ် သုံးပွဲဆက် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် နည်းပြ အာမိုရင်လက်ထက်တွင် သမိုင်းတစ်လျှောက် ရလဒ်ပိုင်းဆိုးရွားမှုများနှင့် ကြုံတွေ့ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ သုံးပွဲဆက် ရှုံးနိမ့်ခဲ့သဖြင့် နည်းပြအာမိုရင်သည် ရာထူးတည်မြဲရေးအတွက် ရုန်းကန်ခဲ့ရသည်။

သို့သော် ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက်ပိုင်း လီဗာပူးအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ယခုပွဲစဉ်တွင် ဘရိုက်တန်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောကြောင့် ပထမဆုံးအကြိမ် သုံးပွဲဆက် နိုင်ပွဲရခဲ့သည်။

ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် မန်ယူအသင်း တိုက်စစ်ကို အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး ကန်ဟာ၊ တိုက်စစ်မှူး အမ်ဘူမို၊ တိုက်စစ်မှူးဆက်ကိုတို့နှင့် ပွဲထွက်လာခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု အသာ မရခဲ့သော်လည်း တိုက်စစ်မှူးများ၏အဆုံးသတ်ကောင်းမွန်မှုကြောင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ပွဲကစားချိန် ၂၄ မိနစ်တွင် ကန်ဟာ၊ ပွဲကစားချိန် ၃၄ မိနစ်တွင် ကက်စမဲရိုးတို့၏ ဦးဆောင်ဂိုးများဖြင့် ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် ဘရိုက်တန်အသင်း လူစားလဲမှုများပြုလုပ်လာသော်လည်း မန်ယူအသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲချိန် ၆၁ မိနစ်တွင် အမ်ဘူမိုက တတိယမြောက်ဂိုး ရခဲ့ပြီးနောက် ဘရိုက်တန်အသင်း ကစားအားကောင်းလာသဖြင့် ပွဲချိန် ၇၄ မိနစ်နှင့် မိနစ် ၉၀ တွင် ချေပဂိုးများ ပြန်လည်ခွင့်ပြုခဲ့ရပြီး အမ်ဘူမိုက ပွဲချိန် မိနစ် ၉၀ ကျော်တွင် ထပ်မံ ဂိုးရရှိခဲ့သဖြင့် လေးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကာ သုံးပွဲဆက်အနိုင်ရခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၆)နေရာထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Daily mail
Trs : ML



## အားကစားသတင်းအတိုအထွာများ

- စံချိန်တင်ရလဒ်များဆိုးရွားနေသည့် ဝက်စ်ဟမ်းအသင်းက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် နည်းပြဆန်းတို့စ်အတွက် ပြောင်းရွှေ့ကြေး အသုံးစရိတ် လုံလောက်စွာ ထုတ်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ယူရိုချန်ပီယံဖလားရရှိခဲ့သည့် အင်္ဂလန်အမျိုးသမီးအသင်းသည် ချန်ပီယံဆုရရှိခဲ့ပြီးနောက် ပထမဆုံးကစားခဲ့သည့် ဘရာဇီးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးပွဲကြုံတွေ့ခဲ့သည်။
- အတ္တလန်တာအသင်းက ခရီးမိုနန်ဆီနှင့် ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ကစားနိုင်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကို ရရှိခဲ့ကြောင်း သိရသည်။

ML

# တိုက်စစ်မှူးစီရော်နယ်ဒို ကစားသမားဘဝ သွင်းဂိုး ၉၅၀ ပြည့်မြောက်

ရီယာ့ဒ် အောက်တိုဘာ ၂၆




အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုသည် အယ်ဟာဇမ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ကစားသမားဘဝ သွင်းဂိုး ၉၅၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အယ်နာဆာအသင်းက ဖိအားပေးကစားနိုင်သော်လည်း အယ်ဟာဇမ်အသင်း ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ဂိုးသွင်းယူနိုင်ရန် ခက်ခဲခဲ့ပြီး အယ်နာဆာအသင်း၏ အပိုင်ကန်သွင်းမှု နှစ်ကြိမ်ကို အယ်ဟာဇမ်အသင်းဂိုးသမား ကာကွယ်မှုပြုလုပ်နိုင်သော်လည်း ပထမပိုင်း ပွဲကစားချိန် ၂၅ မိနစ်တွင် ဂျာအိုဖီးလစ်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အယ်နာဆာအသင်းက တိုက်စစ်ကစားပုံ ပိုမိုတိုးတက်လာခဲ့ကာ မာနေးနှင့် ကင်စလေကိုးမန်းတို့၏ ရှန်အားများကြောင့် တိုက်စစ်မှူး စီရော်နယ်ဒို ဂိုးသွင်းယူနိုင်ရန် အခွင့်အရေးများရခဲ့ပြီး ပွဲကစားချိန် ၈၈ မိနစ်တွင် အသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ကစားသမားဘဝ သွင်းဂိုး ၉၅၀ ပြည့်မြောက်ခဲ့သည်။

အသက် ၄၀ ရှိ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ခြောက်ပွဲတွင် သွင်းဂိုး ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး အယ်နာဆာအသင်းနှင့် ပြိုင်ပွဲစုံပွဲပေါင်း ၁၁၉ ပွဲတွင် ၁၀၆ ဂိုးထိ ရရှိခဲ့ကာ ကစားသမားဘဝတွင် စပို့တင်း လစ္စဘွန်းအသင်း၊ မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်အသင်း၊ အယ်နာဆာအသင်းတို့ အပါအဝင် သွင်းဂိုး ၈၀၇ ဂိုးသွင်းယူနိုင်ခဲ့ပြီး နိုင်ငံအသင်းတွင် သွင်းဂိုး ၁၄၃ ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် စုစုပေါင်း သွင်းဂိုး ၉၅၀ ထိ ရှိလာခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် သွင်းဂိုး ၅၀ သာ လိုအပ်တော့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# အင်တာမီလန်အသင်းကို နိုင်ပွဲရခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဒီဘရိုင်း ဒဏ်ရာရရှိ

ရောမ အောက်တိုဘာ ၂၆

နာပိုလီအသင်းက အင်တာမီလန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဒီဘရိုင်း ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ကြောင်း သိရသည်။

အင်တာမီလန်အသင်းနှင့် ပွဲစဉ်တွင် နာပိုလီအသင်းသည် ပွဲစကတည်းက အိမ်ရှင်အားသာချက်ဖြင့် ဖိအားပေးနိုင်ခဲ့ကာ ပွဲကစားချိန် ၃၃ မိနစ်တွင် ကွင်းလယ်ကစားသမား ဒီဘရိုင်းက ပင်နယ်တီမှ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၃၇ မိနစ်တွင် ဒဏ်ရာပြဿနာကြောင့် အသင်းဖော်ကစားသမား အိုလီဗီယာနှင့်လူစားလဲခဲ့ရသည်။

ထို့နောက် နာပိုလီအသင်းက အင်တာမီလန်အသင်း တိုက်စစ်မြှင့်ကစားလာမှုကြောင့် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး ပွဲကစားချိန် ၅၄ မိနစ်တွင် တွန်မီနေးက ဒုတိယဂိုး သွင်းယူနိုင်ခဲ့သော်လည်း အင်တာမီလန်အသင်း တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပွဲချိန် ၅၉ မိနစ်တွင် ကယ်ဟာနိုဂလူက ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့နောက် နာပိုလီအသင်းက အင်တာမီလန်အသင်း တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သောကြောင့် ပွဲချိန် ၆၇ မိနစ်တွင် တတိယဂိုး သွင်းယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

တိုက်စစ်မှူး ဒီဘရိုင်းသည် နာပိုလီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၁ ပွဲတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြ ကွန်တီ၏ ကစားကွက်တွင် အဓိကကစားသမားဖြစ်လာခဲ့ပြီး ၎င်း ဒဏ်ရာရရှိမှုမှာ မည်သည့်ကာလထိ အနားယူရမည်ကို မသိရသေးသော်လည်း နည်းပြကွန်တီအတွက် အဓိကထိုးနှက်ချက် ဖြစ်သည်။

လက်ရှိ နာပိုလီအသင်းတွင် ဂိုးသမား နီကီတာ၊ ခံစစ်ကစားသမား အမီယာ၊ တိုက်စစ်မှူး လူကာကူ၊ ကွင်းလယ်ကစားသမား လိုဘော့ကာတို ဒဏ်ရာကြောင့် အနားယူနေရကြောင်း သိရသည်။

Ref : Espn
Trs : ML

# Genesis Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို လီဂျန်ဟွမ် ဆွတ်ခူး

ဆိုးလ် အောက်တိုဘာ ၂၆



တောင်ကိုရီးယားနိုင်ငံ ချန်နန်ဒေသတွင် ကျင်းပခဲ့သည့် Genesis Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား လီဂျန်ဟွမ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဂေါက်သီးရိုက်ကစားသမား အယ်ဗီရာနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ကန်တာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြပြီး ဂျပန်ဂေါက်သီးရိုက်ကစားသမား ကက်ဆူရာဂါဝါ၊ အီတလီဂေါက်သီးရိုက်ကစားသမား ပါဗန်နှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဆူလီဗန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

လီဂျန်ဟွမ်အနေဖြင့် ကမ္ဘာ့အဆင့် (၄၅၁)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦး ဖြစ်ပြီး ထင်မှတ်မထားသည့် ပြိုင်ပွဲဝင်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး တောင်ကိုရီးယားမြေတွင် ကျင်းပသည့် ပြိုင်ပွဲတွင် တောင်ကိုရီးယားကစားသမားကို ချန်ပီယံဆု ဆွတ်ခူးစေချင်သည့် တောင်ကိုရီးယားပရိသတ်များ၏ ဆန္ဒပြည့်ဝခဲ့သည်။

လီဂျန်ဟွမ်က "ကျွန်တော့်အနေနဲ့ DP World Tour ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ဆိုတာ ကျွန်တော့်အိပ်မက်ပါ။ အခု အမှန်တကယ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တယ်။ ဒီပြိုင်ပွဲမှာ အကောင်းဆုံးကစားနိုင်ဖို့ အများကြီးပြင်ဆင်ခဲ့ရတယ်။ ပြင်းပြင်းထန်ထန် လေ့ကျင့်မှုတွေ လုပ်ခဲ့တယ်။ အခုပြိုင်ပွဲမှာ အကောင်းဆုံးကစားနိုင်ခဲ့သာမက ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့တယ်။ ရလာတဲ့ အခွင့်အရေးတိုင်းကို အကောင်းဆုံး အသုံးချနိုင်ခဲ့ပြီးတော့ မွေးရပ်မြေမှာ တောင်ကိုရီးယား ပရိသတ်တွေရှေ့မှောက်မှာ ဆုဖလားကိုင်မြှောက်ခွင့်ရခဲ့တာဟာ ကျွန်တော့်ဘဝအတွက် အကောင်းဆုံး အမှတ်တရပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : AZL

# AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် တိုင်နန်စီးတီးအသင်းကို ရှမ်းယူနိုက်တက်အသင်း နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်




**ရန်ကုန် အောက်တိုဘာ ၂၆**

AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက အင်ဒိုနီးရှားနိုင်ငံတွင် ရှမ်းယူနိုက်တက်အသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းပိုမိုသေချာခဲ့သည့် တိုင်နန်စီးတီးအသင်းက ဦးဆောင်ဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တိုင်နန်စီးတီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ချေပဂိုးများလိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင် ဖိအားပေးခဲ့ရာမှ ၆၈ မိနစ်တွင် ရဲမင်းသူက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲအပြီးတွင် တိုင်နန်စီးတီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် အုပ်စုလက်ကျန် ပွဲစဉ်များအဖြစ် ကမ္ဘောဒီးယားကလပ် ဖနောင်ပင်ခရောင်းအသင်းနှင့် လည်းကောင်း၊ အင်ဒိုနီးရှားကလပ် ဒေဝယူနိုက်တက်အသင်းနှင့် လည်းကောင်း ဆက်လက် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ STA

# WBO ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်တွင် ဂျိုးဆပ်ပါကားက ဝက်ဒလေကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်

**လန်ဒန် အောက်တိုဘာ ၂၆**

WBO ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်ပါကားနှင့် အင်္ဂလန်လက်ဝှေ့သမား ဝက်ဒလေတို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ယနေ့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဂျိုးဆက်ပါကားက ဝက်ဒလေကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

လက်ရှိချန်ပီယံအား ကာကွယ်နိုင်ရန် ရေပန်းစားနေသည့် ဂျိုးဆပ်ပါကားအတွက် ထင်မှတ်မထားသည့် ရှုံးပွဲတစ်ပွဲဖြစ်ခဲ့ပြီး အပြန်အလှန် အကြိတ်အနယ်ထိုးသတ်ခဲ့ကြသော်လည်း ၁၁ ချီမြောက်တွင် ဝက်ဒလေက ဂျိုးဆပ်ပါကားကို လဲကျအောင်ထိုးသတ်နိုင်ခဲ့ပြီး လက်ရှိယာယီချန်ပီယံ ခါးပတ်ကို ဆွတ်ခူးခဲ့သည်။

ဝက်ဒလေအတွက် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် အကြီးမားဆုံးသော နိုင်ပွဲတစ်ပွဲလည်းဖြစ်ခဲ့သည်။

ဂျိုးဆပ်ပါကားသည် လက်ရှိယာယီချန်ပီယံဆုအား ဆက်လက်ထိန်းသိမ်းနိုင်မည်ဆိုပါက ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် လက်ရှိချန်ပီယံအူဆက်ခ်နှင့် ထိုးသတ်ခွင့်ရမည်ဖြစ်သော်လည်း ထင်မှတ်မထားသည့်ရလဒ်ကြောင့် အခွင့်အရေးကောင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

ဂျိုးဆပ်ပါကားက "အနိုင်ရသွားတဲ့ ဝက်ဒလေအတွက် ဂုဏ်ယူပါတယ်။ ပွဲပြီးသွားတော့ ရလဒ်ပိုင်းက ကျွန်တော့်အတွက် အဆင်ပြေလိမ့်မယ်လို့ ထင်ထားတာ။ အဆင်မပြေခဲ့ဘူး။ ပွဲကို ထိန်းချုပ်တာကလဲ ကြိုးဝိုင်းဒိုင်ဆိုတော့ ကြိုးဝိုင်းဒိုင်ရဲ့ ဆုံးဖြတ်ချက်က အဓိကပါပဲ။ ဝက်ဒလေဟာလဲ မာကျောတဲ့လက်ဝှေ့သမားတစ်ယောက်ဖြစ်ပါတယ်။ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းပါ။ သူဟာ ယုံကြည်မှုအပြည့်ရှိတဲ့ လက်ဝှေ့သမားဖြစ်သလို ယုံကြည်မှုအပြည့်နဲ့ ထိုးသတ်သွားခဲ့တာက သူ့ကို အနိုင်ရစေခဲ့တာပါ။ ဝက်ဒလေအတွက် ဂုဏ်ယူပါတယ်လို့ပဲ ပြောချင်ပါတယ်။ နောက်ထပ် စိန်ခေါ်ပွဲတွေမှာလဲ သူအဆင်ပြေပါစေလို့ ဆုတောင်းပေးပါတယ်။ ကျွန်တော်ကတော့ မကျေပွဲ ထိုးသတ်ခွင့်ရပါစေလို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Daily Mail
Trs : AZL

# ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အေစီမီလန်အသင်း၏ ၁၃ ပွဲဆက် အနိုင်ရရှိသည့်စံချိန်ကို ဘိုင်ယန်မြူးနစ်အသင်း လိုက်မီ

**ဘာလင် အောက်တိုဘာ ၂၆**

ဘိုင်ယန်မြူးနစ် အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် မိုချန်ဂလာဘတ်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အေစီမီလန်အသင်း၏ ပြိုင်ပွဲစုံ ၁၃ပွဲဆက်အနိုင်ရရှိခဲ့သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြကွန်ပနီ လက်အောက်၌ ပုံစံကောင်းများပြသလျက်ရှိနေပြီး ရာသီအစ ပြိုင်ပွဲစုံ ၁၃ပွဲတွင် ၁၃ပွဲစလုံးအနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။



ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ၁၃ ပွဲဆက် အနိုင်ရရှိခဲ့သည့် အသင်းအဖြစ် အေစီမီလန်အသင်းက ပြီးခဲ့သည့် ၁၉၉၂-၁၉၉၃ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၃ ပွဲဆက်အနိုင်ရရှိခဲ့ခြင်းကို ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းက လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြီးခဲ့သည့်ပွဲစဉ်က သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး အသင်း သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံး သွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည့် လင်နက်ကားလ်သည်လည်း ဂလာဘတ်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် လေဗာကူဆင်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# Vienna Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျန်နစ်ခ်ဆင်နာနှင့် ဇီရက်ဖ်တို့ ထိပ်တိုက်တွေ့ဆုံမည်

**ဗီယင်နာ အောက်တိုဘာ ၂၆**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပနေသည့် Vienna Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့သည့် ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်တို့သည် ဗိုလ်လုပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံတော့မည် ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဩစတြေးလျတင်းနစ်ကစားသမားဒီမီနော့နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျန်နစ်ခ်ဆင်နာက (၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ဗိုလ်စွဲရန် ရေပန်းစားနေသူဖြစ်သလို ပုံစံကောင်းရနေသည့် ဒီမီနော့ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁၀)အတွင်းရပ်တည်နေသည့်ပြိုင်ဘက်များအား အကြိမ် ၅၀ မြောက် အနိုင်ရခဲ့ခြင်းဖြစ်သလို Indoor hardcourt ကွင်းတွင် ပွဲ ၂၀ ဆက်တိုက် အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "ဒီပြိုင်ပွဲမှာ ရလဒ်ကောင်းဖို့အတွက် ကျွန်တော် သေချာပြင်ဆင်လာခဲ့တယ်။ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ပြီး နောက်ဆုံးအဆင့်ကိုတော့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်နိုင်ဖို့က တကယ်ကို မလွယ်ကူခဲ့ပါဘူး။ အဆင့်တိုင်းကို ခက်ခက်ခဲခဲ ကျော်ဖြတ်လာခဲ့ရတယ်။ ပထမပွဲငယ်မှာတော့ ဒီမီနော့က ကြံ့ခိုင်မှုကို အသားပေးပြီး ကစားခဲ့တယ်။ ဒုတိယပွဲငယ်မှာတော့ ဒီမီနော့က ကစားဟန်ပြောင်းသွားခဲ့တယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲပါပဲ။ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

အခြားသော ဆီမီးဖိုင်နယ် ပွဲစဉ်တစ်ပွဲအဖြစ် ဇီရက်ဖ်က အီတလီ တင်းနစ်ကစားသမား မူဆက်တီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဇီရက်ဖ်က (၆-၄ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ယခုနှစ်အတွင်း ရလဒ်များကျဆင်းနေသည့် ဇီရက်ဖ်အနေဖြင့် အကောင်းဆုံး ပြန်လည်စွမ်းဆောင်ပြနိုင်ခဲ့သည့် ပွဲစဉ်တစ်ပွဲဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာနှင့် ဇီရက်ဖ်တို့သည် Vienna Open တင်းနစ်ပြိုင်ပွဲ၏ ချန်ပီယံဟောင်းများဖြစ်ကြပြီး ချန်ပီယံဟောင်း နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှု ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဂျူဗင်တပ်အသင်းက ထိပ်တန်းအသင်းကြီးများ အလိုရှိနေသည့် ကွင်းလယ်ကစားသမား တူရမ်အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ သတ်မှတ်

**ရောမ အောက်တိုဘာ ၂၆**

ဂျူဗင်တပ်အသင်းက ဥရောပထိပ်တန်းကလပ် အသင်းကြီးများက အလိုရှိနေသည့် ကွင်းလယ်ကစားသမား တူရမ်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၇၀ သတ်မှတ်ထားသည်။

တူရမ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက် ရှိနေသည့်အတွက် လာမည့် အပြောင်းအရွှေ့ကာလတွင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် လီဗာပူးအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့က အပြိုင်ခေါ်ယူ လိုနေသောကြောင့် ဂျူဗင်တပ်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းခဲ့သော်လည်း ကွင်းလယ်ပိုင်းကို အင်အားဖြည့်တင်းခြင်းမရှိခဲ့သောကြောင့် လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက် လာမည့်အပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းမှ တူရမ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အလားတူ ရီးရဲလ်မက်ဒရစ်အသင်းသည်လည်း အသင်းကွင်းလယ်ပိုင်းမှ ကာမာဗင်ဂါကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ထားပြီး ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦးနှင့် ပြန်လည်အစားထိုးလိုနေသည့်အတွက် တူရမ်ကို လီဗာပူးအသင်းနှင့် အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ယူနန်ပြည်နယ်က သာယာရှုမောဖွယ် သာ့လီမြို့ဝယ်

ခိုင်သဇင်ဝေ(ရတနာပုံ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ Seminar for Omnimedia Editors and Journalists From ASEAN Countries ဆွေးနွေးပွဲတက်ရောက်ဖို့အတွက် ပေကျင်းမြို့ကို ရောက်ရှိနေတဲ့ စာရေးသူတို့ အဖွဲ့ဟာ ပေကျင်းမြို့ကနေ ယူနန်ပြည်နယ်ကို နောက်ထပ်လေ့လာရေးခရီးထွက်ခဲ့ကြပါတယ်။ ယူနန်ကိုရောက်ဖို့ ပြည်တွင်းလေကြောင်းလိုင်းနဲ့ လေးနာရီကြာ လေယာဉ်စီးလာရတဲ့အတွက် တရုတ်နိုင်ငံဟာ အတော်ကိုဧရိယာကျယ်ဝန်းတဲ့နိုင်ငံဆိုတာကို သိသာစေပါတယ်။

အခုလေ့လာရေးခရီးရဲ့ အဓိကသွားမဲ့မြို့ကတော့ သာ့လီမြို့ (Dali)ပဲ ဖြစ်ပါတယ်။ သာ့လီမြို့ဟာ ယူနန်ပြည်နယ်အနောက်ပိုင်းမှာ တည်ရှိပါတယ်။ မြို့ဟာ စိမ်းစိုတဲ့သဘာဝရှုခင်းတွေ၊ ညို့မှိုင်းတဲ့ တောင်တန်းတွေကြားမှာတည်ရှိတာကြောင့် အေးမြလတ်ဆတ်တဲ့လေ၊ ပြာလဲ့လဲ့တိမ်တွေနဲ့ အတော်လှတဲ့မြို့လို့ဆိုရမှာဖြစ်ပါတယ်။ သာ့လီမြို့မှာ နေထိုင်သူအများစုမှာ ပိုင်(Bai) လူမျိုးစုတွေဖြစ်ကြပြီး ပိုင်လူမျိုးတို့ရဲ့ ရိုးရာဝတ်စုံဟာ အဖြူရောင်ကို အခြေခံကာ အနီ၊ အပြာ၊ မီးခိုးရောင်တွေနဲ့ ရောစပ်ချုပ်လုပ်ထားတာဖြစ်ပါတယ်။ ဒ့ါပြင် သာ့လီမြို့ရဲ့ လမ်းသွယ်တွေပေါ်မှာ ဒေသခံတွေရဲ့ လက်နဲ့ပြုလုပ်ထားတဲ့ ငွေထည်၊ ပန်းထိမ်ထည်၊ ရိုးရာလက်မှုပစ္စည်းတွေ၊ ဒေသထွက် အစားအစာတွေကို ပွဲဈေးတန်းလို စည်စည်ကားကား ရောင်းချနေတာ တွေ့ရပါတယ်။ အဲဒီလို သဘာဝအလှအပတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ပြည့်နှက်နေတဲ့ မြို့သာ့လီဟာ နိုင်ငံအတွင်းက ခရီးသွားတွေနဲ့ ပြည်ပကခရီးသွားတွေကြား ရေပန်းစားပါတယ်။ စာရေးသူတို့ လေ့လာရေးအဖွဲ့ဟာ သာ့လီမြို့မှာ လေးရက်ကြာ လေ့လာလည်ပတ်ကြမှာဖြစ်ပါတယ်။

သာ့လီမြို့ လေ့လာရေးခရီးစဉ်ရဲ့ ပထမရက်မှာ ပြည်တွင်းစီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဇုန် (ကာဗွန်ကင်းဝေးစက်မှုဇုန်) ကို သွားရောက်ခဲ့ပါတယ်။ အဲဒီစက်မှုဇုန်ကို တော၊ တောင်၊ သစ်ပင်တွေ ထူထပ်ပေါများတဲ့နေရာမှာ တည်ဆောက်ထားပါတယ်။ အဲဒီ စက်မှုဇုန်ဧရိယာအတွင်းမှာ စက်ရုံနဲ့ ကုမ္ပဏီပေါင်းများစွာရှိပါတယ်။ ဦးစွာသွားရောက်လေ့လာခဲ့တဲ့စက်ရုံကတော့ စက္ကူနဲ့ဂျပ်ပြားထုတ်လုပ်တဲ့ စက်ရုံဖြစ်ပြီး အဲဒီနောက်မှာတော့ ဆိုလာစီလီကွန်ပြားထုတ်လုပ်တဲ့ကုမ္ပဏီကို သွားလေ့လာခဲ့ပါတယ်။ ဆိုလာစီလီကွန်ပြားထုတ်တဲ့ ကုန်ကြမ်းတွေဟာ ကိုင်ကြည့်မိတော့ အတော်ပူတာကို သိလိုက်ရပါတယ်။ ဒါကြောင့် ဆိုလာစီလီကွန်ပြားထုတ်စက်တွေဟာ အပူချိန် ၁၅၀၀ ဒီဂရီစင်တီဂရိတ်ထိရှိတာ ဖြစ်မယ်လို့ တွေးမိပါတယ်။ ၎င်းဆိုလာစီလီကွန်ပြားထုတ်တဲ့ ကုမ္ပဏီရဲ့သက်တမ်းဟာ နှစ်ပေါင်း ၂၀ သက်တမ်း ရှိပြီဖြစ်တယ်လို့လဲ သိခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ ရှန်ယွီခရိုင် ရှလုံကောင်တီရှိ ပန်းစိုက်ပျိုးထုတ်လုပ်ရေးစက်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။ ပန်းစိုက်ပျိုးထုတ်လုပ်ရေးစက်ရုံဟာ စတုရန်းကီလိုမီတာ ၄၃၄၀၀၀ ကျယ်ဝန်းပြီး နှင်းဆီ၊ ဂန္ဓမာ၊ သစ်ခွစတဲ့ ပန်းအမျိုးအစားပေါင်းများစွာကို စိုက်ပျိုးထားပါတယ်။ စက်ရုံရဲ့ပန်းစိုက်ပျိုးမှု စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံကို တင်ပို့ပြီး တောင်ကိုရီးယားနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေဆီကိုလဲ တင်ပို့တယ်လို့ သိရပါတယ်။ တင်ပို့ဖို့အတွက် ခူးဆွတ်ထားတဲ့ပန်းတွေကို အခန်းအပူချိန် နှစ်ကနေ လေးဒီဂရီစင်တီဂရိတ်ရှိတဲ့ အအေးခန်းနဲ့သိမ်းဆည်းသိုလှောင်ကာ ဝယ်ယူသူဆီ မရောက်မီ လုပ်ငန်းစဉ်ပေါင်း ၁၆ ခုကို ဆောင်ရွက်ပါတယ်။ ပန်းတင်ပို့ရောင်းချမှုကို အွန်လိုင်းကနေ အဓိကဆောင်ရွက်တယ်လို့လဲ သိရပါတယ်။ ထိုပန်းစိုက်ပျိုးထုတ်လုပ်ရေးစက်ရုံဟာ ပန်းတွေကို ဒေသတွင်းသာမက နိုင်ငံခြားထိပါ ပျက်စီးဆုံးရှုံးမှုမရှိ သလောက်နည်းပါးအောင် စနစ်တကျ ထုပ်ပိုး ရောင်းချနိုင်တဲ့အတွက် ၎င်းရဲ့ပန်းမျိုးစုံ၊ အရောင်စုံဟာ အာရှမှာ ဈေးကွက်အခိုင်အမာ ရနေတာ ဖြစ်ပါတယ်။



တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ သာ့လီမြို့ကို တွေ့ရစဉ်။

ဆက်လက်ပြီး ပတ်ဝန်းကျင် ဂေဟစနစ်ထိန်းသိမ်းရေးနည်းလမ်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေကို ပြန်လည်သန့်စင်အသုံးပြုကာ အော်ဂဲနစ် ထုတ်ကုန်တွေ ထုတ်လုပ်တဲ့ကုမ္ပဏီကို သွားရောက်လေ့လာခဲ့ကြပါတယ်။ အဲဒီမှာ တိရစ္ဆာန်အညစ်အကြေး၊ စွန့်ပစ်အမှိုက်၊ ဒိုက်၊ ရေမှော် စတဲ့စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျသန့်စင်ကာ နည်းပညာနဲ့ပေါင်းစပ်ပြီး အော်ဂဲနစ်ဓာတ်မြေဩဇာ၊ ဇီဝလောင်စာ၊ ဇီဝဓာတ်ငွေ့ စတဲ့ထုတ်ကုန်တွေထုတ်တာကို လေ့လာခွင့်ရခဲ့ပါတယ်။

ဒ့ါပြင် သာ့လီမြို့ရဲ့ နေဝင်ဆည်းဆာနဲ့ အာ့ဟိုင်း(Erhai) ရေကန်ရဲ့ ညနေရှုခင်းကို ရင်သပ်ရှုမောဖွယ် ကြည့်ရှုခဲ့ရပါတယ်။ တောင်တန်းတွေအလယ်က အာ့ဟိုင်းကန်ရေပြင်ထက်မှာ မီးပုံးလေးတွေ မျောနေပါတယ်။ လှေဦးထိပ်မှာ မီးအိမ်တပ်ထားတဲ့ လှေငယ်အတော်များများ ငါးဖမ်းပိုက်ချနေကြတာကိုလဲ တွေ့ခဲ့ရပါတယ်။ ဒေသခံတချို့ကတော့ ကားကြီး၊ ကားငယ်တွေနဲ့ ရောက်လာကာ ငါးမျှားတံတွေနဲ့ ငါးမျှားနေကြတာကို တွေ့ရပါတယ်။

ဒုတိယရက်မှာတော့ အာ့ဟိုင်းရေကန်ပတ်ပတ်လည်ကို သွားရောက်လေ့လာခဲ့ရာ အာ့ဟိုင်းရေကန်ဟာ ယူနန်ပြည်နယ်ရှိ တစ်ခုတည်းသော ရေချိုကန်ကြီးဖြစ်သလို သာ့လီမြို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တာကြောင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ၂၀၁၅ ခုနှစ်ကတည်းက ထိုရေကန်ရဲ့ သဘာဝအလှတရားတွေကို ထိန်းသိမ်းဖို့လိုတယ်လို့ မှာကြားခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ရေကန်ရေရှည်တည်တံ့ကာ သဘာဝအလှတရားတွေ မပျောက်ပျက်စေရေးအတွက် ဒေသခံတွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဝိုင်းဝန်းထိန်းသိမ်းနေကြတာဖြစ်ပါတယ်။ ဒ့ါပြင် ရေကန်အတွင်းရှိသက်တမ်းရင့်ငါးတွေသေဆုံးကာ ရေကန်အလှတရားများ မပျက်စီးစေရေး၊ ကန်အတွင်း ရေထုမညစ်ညမ်းစေရေးအတွက်လဲ ကန်အတွင်းက အရွယ်ရောက်ပြီး ငါးတွေကို တစ်နှစ်တစ်ကြိမ် ငါးဖမ်းပွဲကျင်းပပြီးကို အခမဲ့ဖမ်းခွင့်ပေးထားတာကို သိခဲ့ရပါတယ်။ ဒါကြောင့် ပထမရက်က ညရှုခင်းကြည့်တုန်းက မီးပုံးတွေ၊ လှေကြီး၊ လှေငယ်တွေနဲ့ စီးပွားဖြစ်ငါးဖမ်းတဲ့သူတွေ၊ အပျော်တမ်းငါးဖမ်းတဲ့သူတွေကို တွေ့ခဲ့ရတာပဲဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ လက်ဖက်ခြောက်စက်ရုံကို သွားရောက်လေ့လာခဲ့ရာ တရုတ်လူမျိုးတွေရဲ့ လက်ဖက်ခြောက်နဲ့ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေကို သေချာစနစ်တကျပြုစုထားကာ ပြတိုက်နဲ့ကို တခမ်းတနား ခင်းကျင်းပြသထားတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ တရုတ်နိုင်ငံရဲ့ လက်ဖက်ခြောက်ဈေးနှုန်းဟာ သက်တမ်း၊ အရသာ၊ အရည်အသွေးကိုလိုက်ပြီး ကွာခြားပါတယ်။ ဒ့ါပြင်လက်ဖက်ခြောက်နဲ့ အကြမ်းရည်ပြုလုပ်နည်းကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုအနေနဲ့ အမြတ်တနိုး ထိန်းသိမ်းလျက်ရှိကြပါတယ်။ လက်ဖက်ခြောက်နဲ့ အကြမ်းရည်ပြုလုပ်ပုံ အဆင့်ဆင့်ကိုလဲ လေ့လာခွင့်ရခဲ့တဲ့အပြင် အကြမ်းရည်နဲ့ဧည့်ခံတဲ့အခါ သတိပြုသင့်တဲ့ အပြုအမူတွေကိုလဲ သိခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ စကျင်ကျောက်ပြတိုက်ကို သွားရောက်ခဲ့ပါတယ်။ စကျင်ကျောက်ပြတိုက်မှာ စကျင်ကျောက်တွေကို အနုပညာဆန်ဆန် ခင်းကျင်းပြသထားပါတယ်။ စကျင်ကျောက်နဲ့ပြုလုပ်ထားတဲ့ ပန်းချီကား၊ လက်ဝတ်ရတနာ၊ လူ့အသုံးအဆောင်၊ ပရိဘောဂစတာတွေကို သေချာစနစ်တကျကုန်ကြမ်းက ကုန်ချောထည်ဖြစ်အောင်ပြုလုပ်ပြီး စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားပါတယ်။ လာရောက်လေ့လာသူတွေကြိုက်နှစ်သက်ရင်လဲ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။ ဒါဟာလဲ နိုင်ငံခြားဝင်ငွေတစ်ဖက်တစ်လမ်းကရရှိစေသလို စကျင်ကျောက်ကုန်ကြမ်းတွေကို ကုန်ချောပြုလုပ်တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်က ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနေတာလဲဖြစ်ပါတယ်။ အဲဒီနောက် ယဉ်ကျေးမှုသမိုင်းအမွေအနှစ်အဖြစ် ထင်ရှားတဲ့ ဘုရားသုံးဆူကိုလဲ ဝင်ရောက်လေ့လာခဲ့ရာ ဘုရားသုံးဆူရဲ့ ဗိသုကာ ရှေးခေတ်အနုပညာလက်ရာနဲ့ ယဉ်ကျေးမှုတို့ကိုလဲ မျက်ဝါးထင်ထင်တွေ့မြင်ခွင့်ရခဲ့ပါတယ်။

တတိယရက်မှာတော့ အာ့ဟိုင်းရေကန်အနီးရှိ ကျေးရွာတွေကို သွားရောက်ခဲ့ရာ ရေကန်ပတ်ဝန်းကျင် သာယာလှပရေး၊ ရေကန်ရဲ့ ပတ်ဝန်းကျင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စီမံကိန်းတွေချမှတ် ဆောင်ရွက်နေမှုကို လေ့လာခဲ့ရပါတယ်။ အာ့ဟိုင်းရေကန် သာယာလှပရေးကို ဒေသခံတွေက သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေဟာ အာ့ဟိုင်းရေကန်ပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံကိန်းကို ၂၀၂၂ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အခုဆိုရင် သုံးနှစ်ရှိပြီဖြစ်ပြီး ထိုစီမံကိန်းတွင် ဒေသခံများကို ရေကန်ကြီးညစ်ညမ်းမှုမဖြစ်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ စိုက်ပျိုးရေးနည်းလမ်းတွေကို နည်းမှန်လမ်းမှန် အသုံးပြုတတ်စေရေး၊ စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတနည်းပါးတဲ့ ကျေးရွာနေဒေသခံပြည်သူလူထုကို မြေအောက်ရေအပါအဝင် မြစ်ရေတွေမညစ်ညမ်းစေရေးအတွက် မြေဩဇာသုံးရာမှာ သဘာဝဓာတ်မြေဩဇာ ၉၀ ရာခိုင်နှုန်း၊ ဓာတ်မြေဩဇာ ၁၀ ရာခိုင်နှုန်းကို စနစ်တကျ ပေါင်းစပ်အသုံးပြုနည်းတွေကို ဝေမျှပေးနေတဲ့အပြင် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များနဲ့ ကျေးလက်ဒေသရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်မှုတွေလဲပါပါတယ်။

အဲဒီနောက် အာ့ဟိုင်းရေကန်ကို ရေခန်းခြောက်မှု မဖြစ်စေရေး ရေထောက်ပံ့နေတဲ့ဆည်ကိုသွားရောက်လေ့လာခဲ့ရာ ထိုဆည်ဟာ အာ့ဟိုင်းရေကန်ကို သာမက အနီးဝန်းကျင်က စိုက်ပျိုး လယ်ယာမြေများစွာကို ရေထောက်ပံ့ပေးနေတဲ့အပြင် ဆည်ကနေ ရေအားလျှပ်စစ်လဲ ထုတ်လုပ်နေတာကို တွေ့ရပါတယ်။

ဆက်လက်ပြီး အာ့ဟိုင်းရေကန်အနီးမှာရှိတဲ့ ကျေးရွာက ရေမှော်ထုတ်လုပ်တဲ့ကုမ္ပဏီကို သွားရောက်လေ့လာခဲ့ပါသေးတယ်။ ထိုကုမ္ပဏီဟာ ၂၀၂၄ ခုနှစ်က စတင်တည်ထောင်ခဲ့တာလို့ သိရပါတယ်။ အဲဒီကုမ္ပဏီဟာ ရေမှော်ကနေ စားသောက်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်၊ သယ်ယူပို့ဆောင်ရေးလောင်စာ၊ စိုစွတ်မြေအတွက် လိုအပ်တဲ့ဓာတ်မြေဩဇာတွေကို ထုတ်လုပ်လျက်ရှိတာကြောင့် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေတာကိုလဲ သိခဲ့ရပါတယ်။

စတုတ္ထရက်မှာတော့ ပင်းချွမ်းကောင်တီရှိ အော်ဂဲနစ် ဒေသထွက်ကုန်ရောင်းဝယ်ရေး ကုမ္ပဏီကို သွားရောက်ခဲ့ပါတယ်။ ထိုကုမ္ပဏီဟာ အော်ဂဲနစ် ဒေသထွက်ကုန်တွေဖြစ်တဲ့ ပန်းသီး၊ လိမ္မော်သီး၊ တလည်းသီး၊ စပျစ်သီး၊ ကြက်သွန်ဖြူစတာတွေကို စိုက်ပျိုးထုတ်လုပ်ကာ အိမ်နီးချင်း အာဆီယံနိုင်ငံတွေဆီကို တင်ပို့ပါတယ်။ ၎င်းတို့ရဲ့ ဒေသထွက်ကုန်တွေရဲ့ သဘာဝကိုအခြေခံတဲ့ စိုက်ပျိုးမှု၊ သိုလှောင်မှု၊ ထုပ်ပိုးမှုတွေကို လေ့လာခဲ့ရပါတယ်။

ဒ့ါပြင် သာ့လီမြို့ရဲ့ DL TV ကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီ တီဗီရုပ်သံလိုင်းဟာ 6K Resolution နဲ့ ထုတ်လွှင့်လျက်ရှိပြီး သာ့လီမြို့ရဲ့ ဒေသသတင်း၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှု စတာတွေကို အဓိကထုတ်လွှင့်တဲ့ရုပ်သံလိုင်းဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ရုပ်မြင်သံကြားထုတ်လွှင့်ရုံတွေထဲမှာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံးတည်ဆောက်ထားတဲ့ ထုတ်လွှင့်ရုံဖြစ်ပါတယ်။

ဒီလေ့လာရေးခရီးစဉ်ကနေ တကယ့်ကို ဗဟုသုတဖြစ်ဖွယ်ရာတွေကို လေ့လာမှတ်သားခဲ့ရပါတယ်။ ဒီလိုနဲ့ လည်ပတ်စရာ၊ လေ့လာစရာတွေအပြီးမှာတော့ စာရေးသူတို့ လေ့လာရေးအဖွဲ့ဟာ အချိန်တန် အိမ်ပြန်ကြရတော့မှာဖြစ်ပါတယ်။ အချုပ်အနေနဲ့ သာ့လီမြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်ချင်စဖွယ်ဖြစ်အောင်၊ ထိုဒေသရဲ့စီးပွားရေး၊ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် တစ်ဖက်က ဆောင်ရွက်နေသလို ခေတ်မီဖွံ့ဖြိုးတိုးတက်တာနဲ့အတူ ဒွန်တွဲပါလာတတ်တဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကိုလဲ အနာဂတ်ကို ကြိုတင်မှန်းဆပြီး ဂေဟစနစ်ထိန်းသိမ်းနေတာကို တွေ့မြင်ခဲ့ရပါတယ်။ ကျေးရွာတစ်ရွာ၊ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက် ဖို့ဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ မရနိုင်ပါဘူး။ အုပ်ချုပ်တဲ့အစိုးရ၊သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ အတူ တက်တက်ကြွကြွပါဝင်ဆောင်ရွက်မဲ့ ဒေသခံပြည်သူတွေလိုအပ်ပါတယ်။ ကောင်းမွန်တဲ့အရွေ့တစ်ခုဖြစ်ဖို့ဆိုတာ ပြိုင်တူတွန်းမှ ဖြစ်ပေါ်လာမှာ ဖြစ်တယ်လို့ ယုံကြည်ရေးသားအပ်ပါတယ်။

# မုံရွာမြို့ရှိ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**မုံရွာ အောက်တိုဘာ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း မိုးညှင်းသမ္ဗုဒ္ဓေ ကပ်ကျော်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ဦးသက်ဦးထံမှ သိရသည်။

မိုးညှင်းသမ္ဗုဒ္ဓေ ကပ်ကျော်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်တန်ဆောင်မုန်းလဆန်းတွင် ကျင်းပလေ့ရှိပြီး ပွဲတော်ကိုအတီးအမှုတ်၊ အကအခုန် ပွဲလမ်းသဘင်မပါရှိဘဲ မြသပိတ်မည်းဖြင့် ဘုရားဒါယကာရွေးကာ ဆွမ်းတော်ကြီးတင်ပွဲ၊ တရားပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြောင်း သိရသည်။

"အရင်တုန်းကတော့ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ရဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှာဆိုရင် ရန်ကုန်၊ မန္တလေး၊ ပခုက္ကူစတဲ့ မြို့ကြီးတွေနဲ့ မုံရွာမြို့အနီးဝန်းကျင်က ပင့်သံဃာအပါး ၁၅၀ လောက်ပင့်ဖိတ်လောင်းလှူပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့မုံရွာမြို့ပေါ်နဲ့ အနီးဝန်းကျင်က ပင့်သံဃာ ၇၅ ပါးပဲပင့်ဖိတ်လောင်းလှူခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပင့်သံဃာအပါး ၈၀ ပင့်ဖိတ်လောင်းလှူဖို့ စီစဉ်နေပါတယ်"ဟု ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ဦးသက်ဦးက ပြောပြသည်။

မိုးညှင်းသမ္ဗုဒ္ဓေ ကပ်ကျော်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၌ ဈေးလာရောက် ရောင်းချမည့်သူများအတွက် တန်ဆောင်မုန်းလဆန်း ၉ ရက်တွင် ဆိုင်ခန်းနေရာများကို ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Rot ဇာတ်ကား၌ မင်းသမီး ကေဂျီစမစ်ဘလက်နှင့်အိုလီဗီယာအက်ပဲဂိတ်တို့ ပါဝင်မည်ဖြစ်

**နယူးယောက် အောက်တိုဘာ ၂၆**

Rot အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ကေဂျီစမစ်ဘလက်နှင့် အိုလီဗီယာအက်ပဲဂိတ်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Rot ဇာတ်ကားကို နာမည်ကျော်အမျိုးသမီးရုပ်ရှင်ထုတ်လုပ်သူ ကတ်ဒယ်ရီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Rot ဇာတ်ကားသည် ထုတ်လုပ်သူ ကတ်ဒယ်ရီးအတွက် ဒါရိုက်တာအဖြစ် ပွဲဦးထွက်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Rot ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးပေ။

ဒါရိုက်တာ ကတ်ဒယ်ရီးသည် Rot ဇာတ်ကား၏ ထုတ်လုပ်သူအဖြစ် ရုပ်ရှင်ထုတ်လုပ်သူ ဂျက်ဆီဂရီရာနှင့် ပူးတွဲတာဝန်ယူထားကြောင်း သိရသည်။

လက်ရှိတွင် Rot ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# နတ်ဝင်သည် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလနောက်ဆုံးပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် အောက်တိုဘာ ၂၆**

W Entertainment ကရိုက်ကူးထုတ်လုပ်သည့် နတ်ဝင်သည်ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလနောက်ဆုံးပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဝင်းလွင်ထက်က ရေးသားထားပြီး မိုးနီလွင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဝင်းလွင်ထက်က W Entertainment အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ထူးခြားတဲ့ စွမ်းရည်တွေရှိနေတဲ့ လူသားတွေနဲ့ ပရလောကကိုဆက်သွယ်ပေးနိုင်တဲ့ နတ်ဝင်သည်တစ်ယောက်ရဲ့ဇာတ်ကြောင်းနဲ့ လူ့လောကသဘာဝကို လှစ်ပြထားပါတယ်။ ဝတ်မှုန်ရွှေရည်ကို ထူးခြားတဲ့ဇာတ်ရုပ်နဲ့ မြင်ရမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ နေထက်လင်း၊ ချာလီ၊ ညီနန္ဒ၊ ဝတ်မှုန်ရွှေရည်၊ မေသန်းနု၊ မျိုးသန္တာထွန်း၊ ဖူးစုံ၊ ပြည့်ကောင်းစုသန့်၊ ဝင်းမင်းသန်း၊ နှင်း၊ လွန်းခြယ်၊ ယွန်းရွှေရုပ်လွှာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ အချစ်ဟာသဇာတ်ကားသစ်တွင် မင်းသား ဂျပ်အက်ပါတိုး ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ အချစ်ဟာသဇာတ်ကားသစ်တွင် မင်းသား ဂျပ်အက်ပါတိုး ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျပ်အက်ပါတိုးသည် မင်းသမီးနစ်ကီဂလာဆာနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

ထို့ပြင် အဆိုပါဇာတ်ကားရိုက်ကူးမည့် ဒါရိုက်တာကိုလည်း ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ရှာဖွေနေဆဲဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား ဂျပ်အက်ပါတိုးက ဇာတ်ညွှန်းရေးဆရာမ ရှောင်အိုကွန်နာနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

မင်းသား ဂျပ်အက်ပါတိုးသည် အထက်ပါ ရုပ်ရှင်ဇာတ်ကားသစ်အတွက် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် The Beauty Of Monochrome (Episode-2)Group Art Exhibition ပန်းချီပြပွဲပြသလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် The Beauty Of Monochrome (Episode-2)အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို အောက်တိုဘာ ၂၅ ရက်မှ စတင်ကာပြသလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသထားသည့် ပန်းချီကျော်သီဟထံမှ သိရသည်။

အဆိုပါပြပွဲတွင် နာမည်ရပန်းချီဆရာ၊ဆရာမဦးရေ ၃၀တို့၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရွယ်အစားမျိုးစုံဖြင့် ရေးဆွဲထားသော အကြောင်းအရာစုံပန်းချီကား ၁၀၀ ကျော်ကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ The Beauty Of Monochrome (Episode-2)Group Art Exhibition ပန်းချီပြပွဲကို ပြသနေပြီဖြစ်ပါတယ်။ ဒီပြပွဲကတော့ ပန်းချီဆရာ၊ ပန်းချီဆရာမ အယောက် ၃၀ ရဲ့ မတူညီတဲ့ အကြောင်းအရာ၊ အမျိုးအစား၊ ရေးဟန်တွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ပြပွဲကတော့ အောက်တိုဘာ၂၅ ရက်ကနေ အောက်တိုဘာ ၂၉ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီ ထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာဖိတ်ကြားလိုက်ရပါတယ်ခင်ဗျာ" ဟု ပန်းချီကျော်သီဟက ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးသည့် ပန်းချီကားများ၏ အရွယ်အစားများအနေဖြင့် ၃၆x၂၄ လက်မ၊ ၂၄x၂၄ လက်မ၊ ၁၈x၂၄ လက်မ၊ ၁၈x၁၈ လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ်ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing inspects rural development and reconstruction undertakings in Nay Pyi Taw Council Area





Senior General Min Aung Hlaing inspects repairing the earthquake-damaged parts of the stage for grand processions.

**Nay Pyi Taw October 26**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, accompanied by officials, inspected rural development and reconstruction undertakings in Nay Pyi Taw Council Area this morning and looked into the requirements.

**Construction of People's Square and entertainment square near City Hall and Pyinmana-Taungnyo eight-lane highway**

The Senior General arrived at the construction site of the People's Square and entertainment square and Pyinmana-Taungnyo eight-lane highway, and heard a report on progress of work presented by Union Minister for Construction U Myo Thant, Nay Pyi Taw Council Chair U Than Tun Oo and officials.

In response, the Senior General spoke of the need to organize Myanmar traditional festivals and important ceremonies at the People's Square and entertainment square, to draw designs that include erection of the statues of the famous persons of the Myanmar history and the monuments related to the nation, to take into account the sustainability, disaster-resilience and strongness in systematically conducting the construction work stage by stage. He said building quality inspectors should help systematize the stages of the construction work.

The Senior General looked around the construction site of People's Square and entertainment square and looked into the requirements.

**Planned construction site of the entrance archway of Nay Pyi Taw**

Accompanied by officials, the Senior General arrived at the planned construction site of the entrance archway of Nay Pyi Taw on Yazathingaha Street and gave guidance on the project.



Senior General Min Aung Hlaing views the map showing the construction of People's Square and entertainment square.

From Yazathingaha Street the Senior General looked around the Nay Pyi Taw Airport Road, old Yangon-Mandalay Road, and Nay Pyi Taw City in a motorcade, and stressed the requirement of constant activities for the cleanness and beautification of the roadsides.

**Stage for grand processions**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and party proceeded to the stage for grand processions, examined repairing the earthquake-affected damaged parts, and gave instructions on upgrading the stage and its façade and other matters.

**Progress in repairing the buildings in the compound of Hluttaw**

The Senior General and party inspected the progress in repairing the damaged buildings in the compound of Hluttaw.

On arrival at the No 1 entrance bridge of the Hluttaw, he heard a report on the progress in restoring the bridge, presented by the Union Construction Minister and officials. They said that a bridge had five trusses, that each one weighed about 1500 tons and that the total weight of the bridge was 7500 tons and that it was lifted and repaired with 3D synchronized jacks.

After giving instructions, the Senior General inspected the progress in restoring the bridge and the archway and Pyidaungsu Hluttaw building, and looked into the requirements.

Later, the minister reported on the extent of damage caused by the earthquake to the Pyidaungsu Hluttaw, Pyithu Hluttaw, Amyotha Hluttaw, other buildings, roads and bridges, fences and retaining walls in the compound of the parliament and progress in repairing them according to priority list.



Senior General Min Aung Hlaing hears report on progress in repairing the No.1 entrance bridge of the Hluttaw.

*See Page 13*




Senior General Min Aung Hlaing inspects progress in repairing the buildings in the compound of Hluttaw.

*From Page 12*

In response, the Senior General stressed the need to systematically carry out the restoration work, under a stage-by-state program, for their strength and sustainability. He said just having handsomeness is not enough, as the buildings need strength. Damages, restoration activities and progress must be systematically recorded.

The Senior General and party looked around the buildings in the Hluttaw compound that were under repair. 100

# Myaung Township completes cultivation of more than 2,000 acres of cotton in monsoon season

**Myaung October 26**

Local farmers have so far planted more than 2,000 acres of cotton as monsoon crops in Myaung Township of Sagaing Region, according to Sagaing District Agriculture Department.

During the 2025–2026 monsoon cropping season, it is learnt that a total of 4,789 acres of cotton are planned for cultivation in Myaung Township, with planting beginning in May this year. As of now, about 2,300 acres have already been cultivated.

"The plan for this monsoon season is to grow more than 4,000 acres of cotton in Myaung Township. Up to now, over 2,000 acres have been cultivated. To help farmers easily grow quality and pure cotton varieties in time for the planting season, we are providing them with quality cotton seeds," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

This year, the township agriculture department is supporting cotton farmers by supplying quality cotton varieties, providing training on pest and disease prevention, correct cultivation techniques to improve yields, and other necessary technical assistance to ensure successful cotton production.

The production cost for cotton is about K350,000 per acre, and the yield is around 1,000 viss per acre. Farmers also grow intercrops such as onion before cotton and green gram after cotton, which helps ensure multiple harvests and increases their income.

Cotton is successfully grown and produced in 19 townships across Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts.

206



A cotton plantation.

# Netanyahu says Israel won't seek approval for strikes in Gaza or Lebanon despite ceasefire

**Jerusalem October 26**

Israeli Prime Minister Benjamin Netanyahu said on Sunday that Israel would not seek permission to launch strikes in Gaza or Lebanon, even after agreeing to ceasefire arrangements.

"Israel is an independent state. We will defend ourselves with our own forces, and we will continue to control our destiny," Netanyahu told ministers at the start of his weekly government meeting.

"We do not seek anyone's approval for this. We control our security," he added.

Referring to plans for the deployment of international peacekeeping forces in Gaza, Netanyahu said Israel would decide which countries could deploy troops there. "We have made it clear that Israel will determine which forces are unacceptable to us, and we will continue to act accordingly," he said.

His remarks followed a week of a diplomatic blitz of visits by senior White House officials aimed at reinforcing the fragile ceasefire in Gaza.

Xinhua

# Trump hits Canada with new tariffs over 'fraudulent' ad

**Washington October 26**

US President Donald Trump has imposed an additional 10% tariff on Canadian goods for airing an anti-tariff commercial that he described as "fraudulent."

Trump has long defended tariffs as a way to counter what he calls unfair trade practices by countries including China, Canada, and Mexico, which he says harm US industries. Earlier this year, he imposed 25% tariffs on Canadian steel and aluminum before later expanding them to 35% on a broader range of goods, including timber and cars, as part of the wider campaign.

The announcement came two days after Trump said he terminated trade talks with Canada over a commercial aired in Ontario that used quotes by former US President Ronald Reagan to criticize Trump's tariffs. In a Truth Social post on Saturday, Trump said Canada was caught red-handed running "a fraudulent advertisement," claiming that "selective audio and video" were used to misrepresent Reagan.

RT

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Shield AI က VTOL အလိုအလျောက်မောင်းနှင်နိုင်သော X-Bat တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသ



အမေရိကန်နိုင်ငံ အခြေစိုက် ကာကွယ်ရေး နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Shield AI သည် တိုက်ခိုက်ရေးအတွက် ဒီဇိုင်းထုတ်ထားသည့် ၎င်း၏ ပထမဆုံးသော ဒေါင်လိုက်အတက်၊ အဆင်းပြုလုပ်နိုင်သည့် (Vertical Takeoff and Landing - VTOL) အလိုအလျောက် ထိန်းချုပ်မောင်းနှင်နိုင်သော တိုက်ခိုက်ရေးဒရုန်း X-Bat ကို စတင်ထုတ်ဖော်ပြသလိုက်ကြောင်း ယခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် Defence-Blog သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ X-Bat တိုက်ခိုက်ရေးဒရုန်းက အနာဂတ်တွင် ဖြန့်ကျက်နိုင်သော လေကြောင်းစွမ်းအားအတွက် အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာမည်ဖြစ်သည်။

Shield AI ၏အဆိုအရ X-Bat သည် လူသားလေယာဉ်မှူးမပါဘဲ ပျံသန်းမည်ဖြစ်ပြီး မောင်းသူမဲ့စနစ်များ၏ ကွန်ရက်ချိတ်ဆက်ထားသောဒရုန်းစုကို ဦးဆောင်ရန် ရည်ရွယ်ထားသည်။ ဤဒရုန်းသည် သင်္ဘောများ၊ ဝေးလံခေါင်သီသောကျွန်းများသို့မဟုတ် ယာယီရှေ့တန်းစစ်ဆင်ရေးနေရာများတွင် စတင်ပျံတက်နိုင်ကာ ပြန်လည်ဆင်းသက်နိုင်သဖြင့် လေယာဉ်ပြေးလမ်းများ သို့မဟုတ် သမားရိုးကျ လေတပ်အခြေစိုက်စခန်း အခြေခံအဆောက်အအုံများအပေါ် မှီခိုနေရခြင်းကို ရှောင်ရှားနိုင်သည်ဟု ကုမ္ပဏီက ပြောကြားထားသည်။

ဤတိုက်ခိုက်ရေးဒရုန်းသည် ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သော စွမ်းရည်နှင့် တာဝေးတိုက်ခိုက်နိုင်စွမ်းတို့ကို တစ်ခုတည်းသောလုပ်ငန်းတာဝန်အဖြစ် ပေါင်းစပ်ထားသည်။ Shield AI ၏ ထုတ်ပြန်ချက်အရ X-Bat သည် ဝေဟင်မှဝေဟင်နှင့် ဝေဟင်မှရေပြင်မစ်ရှင်များကိုဆောင်ရွက်နိုင်ပြီး အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များလည်း တပ်ဆင်ထားကြောင်း သိရသည်။

ဒရုန်းသည် တောင်ပံအကျယ် ၃၉ ပေ ရှိပြီး အများဆုံးအကွာအဝေး မိုင် ၂၀၀၀ ကျော်ထိပျံသန်းနိုင်ကာ အမြင့်ပေ ၅၀၀၀၀ အထက် ပျံသန်းနိုင်သည့် အမြင့်ဆုံး အတိုင်းအတာတို့ကို ပိုင်ဆိုင်ထားသည်။

X-Bat သည် Shield AI ကုမ္ပဏီ၏ ကိုယ်ပိုင်ထုတ် Hivemind ဟုခေါ်သော ဉာဏ်ရည်တု မောင်းနှင်မှုဆော့ဖ်ဝဲဖြင့် မောင်းနှင်ပြီး ၎င်းသည် F-16 လေယာဉ်များကဲ့သို့ ပျံသန်းနိုင်ကြောင်း၊ ဤဆော့ဖ်ဝဲသည် GPS နှင့် ဆက်သွယ်ရေးပြတ်တောက်နေသော ပတ်ဝန်းကျင်များတွင် ဒရုန်းကို လွတ်လပ်စွာလည်ပတ်နိုင်စေကြောင်း သရုပ်ပြထားပြီးဖြစ်သည်။

ကုမ္ပဏီတာဝန်ရှိသူများက X-Bat ၏ ကုန်ကျစရိတ်ပုံစံကိုလည်း အရေးပါသော တိုးတက်မှုတစ်ခုအဖြစ် ထောက်ပြခဲ့သည်။ ဤဒရုန်းကို အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၂၇ သန်းဝန်းကျင်ဖြင့် ထုတ်လုပ်နိုင်ရန် လမ်းကြောင်းပေါ် ရောက်ရှိနေသည်ဟုဆိုသည်။ ၎င်းသည် တစ်ယူနစ်လျှင် ဒေါ်လာ သန်း ၁၀၀ ကျော် ကုန်ကျနိုင်သော F-35 ကဲ့သို့သော သမားရိုးကျ လူလိုက်ပါသောတိုက်ခိုက်ရေး ဂျက်လေယာဉ်များ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် များစွာသက်သာစေသည်။ ဤကုန်ကျစရိတ် နည်းပါးမှုကြောင့် ပင်တဂွန်နှင့် မိတ်ဖက်တပ်ဖွဲ့များသည် လေယာဉ်မှူးများအတွက် အန္တရာယ်မရှိဘဲ ပဋိပက္ခဖြစ်ပွားနေသောနယ်ပယ်များတွင် ဒရုန်းများကို ပိုမိုများပြားစွာ တပ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤဒရုန်းသည် ပဋိပက္ခဖြစ်ပွားနေသော ပတ်ဝန်းကျင်များတွင် ရှေ့တန်းကျကျအသုံးဝင်မည်ဟု မျှော်လင့်ရပြီး၊ သမားရိုးကျလေကြောင်းအထောက်အကူပစ္စည်းများမလိုအပ်ဘဲ လျင်မြန်စွာတုံ့ပြန်နိုင်မှုနှင့် အမြဲတမ်းလေကြောင်းတည်ရှိမှုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Shield AI develops world's first autonomous VTOL fighter jet. ကို ဘာသာပြန်ဆိုထားပါသည်။**

## Saab ကုမ္ပဏီက ယူကရိန်းနိုင်ငံနှင့်ပူးပေါင်း၍ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ထုတ်လုပ်ရန်သဘောတူစာချုပ် ချုပ်ဆိုခဲ့

ဆွီဒင်ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Saab ကုမ္ပဏီနှင့် ယူကရိန်းနိုင်ငံတို့သည်ပူးပေါင်း၍ လေကြောင်းရန်ကာကွယ်ရေးစနစ်များထုတ်လုပ်ရန် သဘောတူညီစာချုပ် ချုပ်ဆိုခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် Militarnyi သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါသဘောတူညီချက်သည် ပြည်ပ ကာကွယ်ရေးကုမ္ပဏီများကို ယူကရိန်းနိုင်ငံအတွင်း ထုတ်လုပ်ရေးစက်ရုံများတည်ထောင်ရန်ရည်ရွယ်သည့် စီမံကိန်းအောက်တွင် ပါဝင်ကြောင်း ကြေညာခဲ့သည်။

အဆိုပါ သဘောတူစာချုပ်သည် ယူကရိန်း ကာကွယ်ရေးတပ်ဖွဲ့များကို ခေတ်မီလက်နက်များ အမြန်ဆုံး ထောက်ပံ့ပေးရန်နှင့် တစ်ချိန်တည်းမှာပင် ယူကရိန်းနိုင်ငံကို ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးနည်းပညာ ဈေးကွက်နှင့် ပေါင်းစည်းရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ နိုင်ငံတကာမှ အဓိကကာကွယ်ရေးကုမ္ပဏီများစွာသည် ယူကရိန်းတွင် စတင်လည်ပတ်လုပ်ကိုင်မှုများ သို့မဟုတ် ထုတ်လုပ်ရေးစက်ရုံများ တည်ထောင်လျက်ရှိသည်။

ဗြိတိန်နိုင်ငံရှိ BAE Systems ကုမ္ပဏီသည် L119 ဟောင်ဝစ်ဇာအမြောက်များ ထုတ်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဂျာမနီနိုင်ငံမှ Rheinmetall ကုမ္ပဏီသည် သံချပ်ကာယာဉ်များ ပြုပြင်ရေးနှင့် ထုတ်လုပ်ရေးစင်တာများ တည်ထောင်လျက်ရှိသည်။ ဆွီဒင်နိုင်ငံမှ Saab ကုမ္ပဏီသည် ပူးတွဲလေကြောင်းကာကွယ်ရေး စနစ်များထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု စတင်လုပ်ဆောင်လျက်ရှိသည်။ အမေရိကန်နိုင်ငံပိုင် Northrop Grumman ကုမ္ပဏီသည်လည်း ခဲယမ်းမီးကျောက် ပူးတွဲထုတ်လုပ်ရေးအတွက် အသေးစိတ်များကို အပြီးသတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဒရုန်းစနစ်များ၊ ဆိုက်ဘာကာကွယ်ရေးနှင့် တန်ပြန်ဒရုန်းစနစ်များကဲ့သို့သော အဆင့်မြင့်နည်းပညာများကို အထူးပြုသည့် ကုမ္ပဏီများသည်လည်း ယူကရိန်းဈေးကွက်သို့ ဝင်ရောက်လာလျက်ရှိသည်။ လက်ရှိတွင် ပြည်ပကာကွယ်ရေးကုမ္ပဏီ ၂၅ ခုကျော်သည် ယူကရိန်းနိုင်ငံတွင် ထုတ်လုပ်မှုကို အခြေစိုက်ရန် အဆင့်အမျိုးမျိုးတွင် တည်ရှိလျက်ရှိသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် Saab ကုမ္ပဏီ၏ CEO ဖြစ်သူက ကုမ္ပဏီသည် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ထုတ်လုပ်မှုကို ထူထောင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။



၎င်းတို့သည် ယူကရိန်းနိုင်ငံ၏ ပြည်တွင်းထုတ်စနစ်များကို တည်ဆောက်နိုင်ရန် ကူညီရမည်ဖြစ်ပြီး ယူကရိန်းစက်မှုလုပ်ငန်းနှင့်ပူးတွဲလုပ်ကိုင်ခြင်းသည် နိုင်ငံတွင်းရော ပြည်ပမှာပါ မရှိမဖြစ်လိုအပ်ကြောင်း Saab ကုမ္ပဏီ CEO က ပြောကြားခဲ့သည်။ Saab ကုမ္ပဏီ၏ ထုတ်ကုန်များတွင် RBS 70 NG (လူသယ်ဆောင်နိုင်သော လေကြောင်းရန်ကာကွယ်ရေးစနစ်)၊ MSHORAD (မိုဘိုင်းတာတိုပစ်စနစ်)၊ Giraffe AMB နှင့် Giraffe 4A(ရေဒါစနစ်များ) ကဲ့သို့သော လေကြောင်းရန်ကာကွယ်ရေးစနစ် များစွာပါဝင်သည်။

Saab ကုမ္ပဏီသည် မကြာသေးမီက Nimbrix လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ကို မိတ်ဆက်ပြသခဲ့သည်။ ၎င်းဒုံးကျည်သည် အသေးစားဒရုန်းများကို တန်ပြန်ရန်အတွက် အထူးဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် အကွာအဝေး ငါးကီလိုမီတာထိ ပစ်ခတ်နိုင်ပြီး ဝေဟင် ပစ်မှတ်များကို တိကျစွာခြေရာခံနိုင်သော ရှာဖွေရေးစနစ် seeker တပ်ဆင်ထားကြောင်း သိရသည်။

**Saab to Jointly Produce Air Defense Systems With Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၅၁ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝါးခယ်မမြို့နယ်တွင် ဖူးစားပြောင်း ၂၄၅၁ ဧကကို လာမည့် နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အရည်အသွေးကောင်းမွန်စေရန်အတွက် မြေသားပြုပြင်ထွန်ယက်သည့် လုပ်ငန်းများ စတင် ပြင်ဆင်လုပ်ဆောင်နေကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အနေနဲ့ ဆောင်းသီးနှံ ဖူးစားပြောင်းတွေကို ၂၄၅၁ ဧက စိုက်ပျိုးသွားပါမယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ စောလျင်စွာပြီးစီးဖို့၊ လျာထားဧက ပြည့်မီစေဖို့နဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်နေပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ် ကျရောက်မဖျက်ဆီးစေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားပါမယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုစိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**မင်းကင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၁၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၆ ဒသမ ၇၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲ ၈၁၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧက အားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုစိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကပါကျေးရွာ၌ ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြင်းကပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းကာလ သတ်မှတ်ချက်များနှင့် ချေးငွေအတိုးနှုန်းထားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြင်းကပါကျေးရွာရှိ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၈၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၇ ဦးကို ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




# မင်းလှမြို့နယ် ရှမ်းကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**မင်းလှ အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ရှမ်းကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် တစ်ဖက်လျှင် လမ်းအရှည်ပေ ၉၀၀၊ အကျယ် ၂ ပေ၊ အမြင့် ၆ လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။


အဆိုပါကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဝင် အမှတ်(၁)တံတားနှင့် မုခ်ဦးဆောင်ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ဖောက်လုပ်နေမှု လုပ်ငန်းခွင်နေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊အခမ်းအနားများ ကျင်းပနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့သမိုင်းဝင် အထင်ကရ ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများ၊ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲ ဆောင် ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက်စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်မှု အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးရန် တာဝန်ရှိသူများအနေဖြင့်လည်း အဆင့်လိုက် စနစ်တကျဖြစ်စေရေး စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်ရန်လျာထားနေရာ

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ရာဇသင်္ဂဟလမ်းပေါ်ရှိ နေပြည်တော်မြို့အဝင် မုခ်ဦးတည်ဆောက်ရန်လျာထားနေရာသို့ရောက်ရှိကြပြီး မြို့အဝင်မုခ်ဦး တည်ဆောက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းမကြီးမှ နေပြည်တော်လေဆိပ်လမ်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် နေပြည်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးဝဲယာ တစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ဗိုလ်ရှုခံစင်မြင့်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗိုလ်ရှုခံစင်မြင့်နေရာသို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအားပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့အား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆန်းစစ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွှတ်တော်အဝင် အမှတ်(၁) တံတားအား ခေတ်မီနည်းပညာများဖြင့် ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် လွှတ်တော်အဝင် အမှတ်(၁)တံတားနေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဘေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အဆောက်အအုံများ ဦးစားပေးအဆင့်သတ်မှတ်ချက်များအလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ဒဏ်ကြောင့် တံတားထိခိုက်ပျက်စီးမှုနှင့် ရွေ့လျားမှုများဖြစ်ပေါ်ခဲ့ခြင်းအား ပြန်လည်ပြုပြင်ရာ၌ တံတားတစ်စင်းတွင် ခန်းဖွင့်ငါးခုပါဝင်ပြီး ခန်းဖွင့် တစ်ခုလျှင် အလေးချိန်တန် ၁၅၀၀ ခန့်ရှိသဖြင့် တံတားတစ်စင်းလုံး စုစုပေါင်းအလေးချိန် တန် ၇၅၀၀ ခန့်အား 3 D Synchronise jack အသုံးပြုသည့် ခေတ်မီနည်းပညာဖြင့် ပင့်တင်၍ပြုပြင်ခဲ့သည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။


ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လွှတ်တော်အဝင် အမှတ်(၁)တံတားနှင့် မုခ်ဦးဆောင်ပြုပြင်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော် အဆောက်အအုံခန်းမအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အဆောက်အအုံတို့ အပါအဝင် အခြားအထောက်အကူပြု အဆောက်အအုံများ၊ လမ်းတံတားများ၊ ခြံစည်းရိုးနှင့် မြေထိန်းနံရံများထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ဦးစားပေးအဆင့်သတ်မှတ်ချက်များအလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြုပြင်မှုများဆောင်ရွက်ရာတွင် အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုပြီး ရေရှည်တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမြင်အားဖြင့် ကောင်းမွန်ရုံမဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေး ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်း အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ဥဝ၁)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်အဆောက်အအုံအတွင်း ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ မျက်နှာကြက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





ပြည်သူ့လွှတ်တော် ဧည့်သည်တော်စင်မြင့်အောက် ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





အမျိုးသားလွှတ်တော် Bell Shape ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အမိန့်ကြော်ငြာစာအမှတ် ၈၃ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၁ ပါ "ငွေကျပ်သိန်း ၁၅၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၃၀၀" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ငွေကျပ်သိန်း ၃၀၀" ဆိုသည့် စကားရပ်ကို "ငွေကျပ်သိန်း ၅၀၀" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အမိန့်ကြော်ငြာစာအမှတ် ၈၅ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(ငင)တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"**ခြွင်းချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါဝင်သော မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်များအတွက်ဖြစ်လျှင် ရွေးကောက်တင်မြှောက်ခံရသည့် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာမြို့နယ်၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစားပေးသတ်မှတ်ပေးရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ နည်းဥပဒေခွဲ(က) ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)ပါ "သိန်းသုံးရာ" ဆိုသည့် စကားရပ်ကို "သိန်းငါးရာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း( BE.FALLS) သို့ လာရောက်လည်ပတ်သည့် ဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်းပြည့်အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ပြင်ဦးလွင် အောက်တိုဘာ ၂၆**

ပြင်ဦးလွင်- လားရှိုး ကားလမ်းမကြီး အနီးရှိပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက် လေ့လာအပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်တွင် လာရောက်လည်ပတ်သည့် ဧည့်သည်၂ဒသမ၅သန်းပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ၂ဒသမ ၅ သန်းပြည့် လာရောက်သည့် ဧည့်သည်မှာ ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ဒေါ်သင်းပပထွန်းဖြစ်ပြီး ဧည့်သည်အား ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)မှ တာဝန်ရှိသူများက ဧည့်သည် ဝင်ရောက်မှု ၂ ဒသမ ၅ သန်း ပြည့်အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ဝင်ရောက်ခွင့် (Gold Card)နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ၂ဒသမ၅သန်း ပြည့် ဧည့်သည်နှင့်အတူပါရှိလာသူများကို အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် ကိုးထပ်ဆောင်တွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများသည် ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များကို ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် သွေးလှူဒါန်းနေကြသည့် ဝန်ထမ်းများကို နှုတ်ဆက်အားပေး၍ အာဟာရဖြည့်စွက်စာများပေးအပ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးထံသို့ လှူဒါန်းထားသော သွေးအိတ် ၇၅ အိတ်ကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးကလက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံ တိုင်းရင်းသား ပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးစဉ်။





သီပေါမြို့သို့ ထပ်မံဝင်ရောက်လာသော ဒေသခံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးစဉ်။

❖ **သီပေါမြို့မှ**

ဆောင်ရွက်ပေးကြသည်။

ထို့အတူ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၃ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာ လေးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင် စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)


❑ **အားကောင်းသောမုန်တိုင်းငယ်မှ**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်းဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm) အဖြစ်သို့လည်းကောင်းရောက်ရှိနိုင်ကာ ယင်းနေ့ညပိုင်းတွင် အင်ဒိယာပရာဒေ့ရှ် ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

၂၆-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ





☆ **ကျောဖုံးမှအဆက်**

တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်း၊ ပုသိမ်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့၏ပွဲစဉ်များကို အောက်တိုဘာ ၃၀ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း နေပြည်တော် ဇေယျာသီရိ ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ နေပြည်တော် ဇေယျာသီရိ ဘောလုံးကွင်း၌ တက္ကသိုလ်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့၏ပွဲစဉ်ကို အောက်တိုဘာ ၃၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ပုသိမ်ဇုန်အသင်းနှင့် နေပြည်တော်ဇုန်အသင်းတို့၏ ပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# တက်ညီ၊ လက်ညီ . . . ဒီမိုကရေစီပန်းတိုင်ဆီသို့

**မင်းခန့်**

ဒီနေ့၊ ဒီအချိန်၊ ဒီကာလမှာ နိုင်ငံတော်နဲ့ပြည်သူအားလုံးရဲ့ပန်းတိုင်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးပဲဖြစ်ပါတယ်။ ဒီပန်းတိုင်ကို အမြန်ရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးဟာ အလွန်အရေးကြီးတဲ့အတွက် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ရှိအောင် တပ်မတော်က လမ်းကြောင်းခင်းပေးလျက်ရှိနေပါတယ်။ တပ်မတော်ကခင်းပေးတဲ့လမ်းကြောင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ အလွန်အင်မတန်အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။

**အမှန်စစ်စစ် အဲ့ဒီအဖျက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့အချိုးအကွေ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူတွေဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်စေချင်သူတွေဖြစ်လို့ အာဏာရူးသူတွေသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလွန်အရုပ်ဆိုးအကျည်းတန်ခဲ့တဲ့ တရားမဝင်တော့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုဆုပ်ကိုင်ပြီး ၎င်းတို့အုပ်ချုပ်မှသာ စစ်မှန်တဲ့အစိုးရဖြစ်မယ်ဆိုတဲ့ နိုင်ငံရေးရေချိန်နိမ့်ပါးတဲ့ အတွေးအခေါ်အယူအဆရှိသူများသာဖြစ်ပါတယ်။ လက်ရှိသူတို့ရဲ့ သဘောထားများနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်တိုက်ခိုက်နေတဲ့ အကြမ်းဖက်၊ အဖျက်အမှောင့်သမားများသာဖြစ်ပြီး ပြည်သူလူထုရဲ့ လိုလားတောင့်တချက်ကို နှောင့်ယှက်ဟန့်တားသူအဖျက်အမှောင့်သမားများဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ရန်သူတွေဖြစ်ပါတယ်။**

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲဆိုတာ မဖြစ်မနေလုပ်ရမယ့်လုပ်ငန်းစဉ်တစ်ခုဖြစ်သလို နိုင်ငံတော်ကိုဦးဆောင်မယ့် အုပ်ချုပ်ရေးယန္တရားအပြောင်းအလဲအတွက် အချိုးအကွေ့တစ်ခုလည်းဖြစ်ပါတယ်။ ဒီအချိုးအကွေ့ ညင်သာဖို့အတွက် ရွေးကောက်ပွဲတစ်ခုဟာ လွတ်လပ်ပွင့်လင်းပြီး တရားမျှတဖို့လိုသလိုပါဝင်သူ Stakeholder နဲ့ မဲဆန္ဒရှင်ပြည်သူအများ လက်ခံနိုင်ဖို့လိုပါတယ်။ အငြင်းအခုံနဲ့ မကျေနပ်မှုတွေရှိနိုင်သော်လည်း ပြဋ္ဌာန်းထားတဲ့ရွေးကောက်ပွဲဥပဒေတွေနဲ့အညီ ရွေးကောက်ပွဲအနိုင်ရရှိသူတွေက အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ထိခိုက်ပွန်းတိုက်မှုအနည်းဆုံးနဲ့ ညင်သာစွာကူးပြောင်းနိုင်ဖို့ အလွန်အင်မတန်အရေးကြီးလှပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကပေးခဲ့တဲ့သင်ခန်းစာအရ ပြည်သူလူထုထောက်ခံမှုအများစုရရှိနေမှုကို အခွင့်ကောင်းယူပြီး အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို အလုံးစုံချုပ်ကိုင်ပြီး အာဏာရမှုကြီးမားခဲ့တဲ့ NLD ပါတီခေါင်းဆောင်ပိုင်းရဲ့လွဲမှားတဲ့ ဆုံးဖြတ်ချက်များဖြင့် တည်ဆဲအခြေခံဥပဒေကိုကျော်လွန်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူဖို့ကြိုးစားခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ မဲမသမာမှုအကြီးအကျယ်လုပ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲဟာ တရားမျှတမှုမဖြစ်ခဲ့သလို ညင်သာတဲ့အချိုးအကွေ့မဖြစ်ခဲ့တာ အားလုံးတွေ့မြင်သိရှိခံစားနေကြရပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတစ်လျှောက်မှာ အမည်းစက်ကြီးဖြစ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုများဟာ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးထက် လွှတ်တော်အတွင်းမှာ တစ်ပါတီတည်းကလွှမ်းမိုးပြီး အာဏာကြီးသုံးရပ်ကို ချိန်ခွင်လျှာထိန်းညှိထားတဲ့ဟန်ချက်ကို ပျက်စီးစေမယ့်ဆိုးကျိုးကို ဦးတည်ခဲ့ပါတယ်။ လွတ်လပ်ပွင့်လင်းပြီး တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲဟာ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အသက်သွေးကြောဖြစ်သလို ဒီရွေးကောက်ပွဲကို တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးရတဲ့ အာဏာရအစိုးရနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ရဲ့ ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်နေပါတယ်။

ဒါကြောင့် လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ရွေးကောက်ပွဲကြီးဖြစ်စေပြီး ရွေးကောက်ပွဲကတစ်ဆင့်ဖြစ်ပေါ်လာမယ့် ရွေးကောက်ခံအစိုးရကို ညင်သာစွာကူးပြောင်းပေးဖို့ လက်ရှိအစိုးရက ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလိုအချိန်၊ ဒီလိုကာလမှာ ပြည်ပကိုထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်လမ်းစဉ်နဲ့ရယူဖို့ကြိုးစားနေတဲ့ အကြမ်းဖက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ရွေးကောက်ပွဲမဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားမှုများပြုလုပ်နေတာကို သတိပြုကြရမှာဖြစ်ပါတယ်။

**အမှန်စစ်စစ် အဲ့ဒီအဖျက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့ အချိုးအကွေ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူတွေဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်စေချင်သူတွေဖြစ်လို့ အာဏာရူးသူတွေသာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလွန်အရုပ်ဆိုးအကျည်းတန်ခဲ့တဲ့ တရားမဝင်တော့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုဆုပ်ကိုင်ပြီး ၎င်းတို့အုပ်ချုပ်မှသာ စစ်မှန်တဲ့ အစိုးရဖြစ်မယ်ဆိုတဲ့ နိုင်ငံရေးရေချိန်နိမ့်ပါးတဲ့ အတွေးအခေါ်အယူအဆရှိသူများသာဖြစ်ပါတယ်။ လက်ရှိသူတို့ရဲ့သဘောထားများနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်တိုက်ခိုက်နေတဲ့ အကြမ်းဖက်၊ အဖျက်အမှောင့်သမားများသာဖြစ်ပြီး ပြည်သူလူထုရဲ့ လိုလားတောင့်တချက်ကို နှောင့်ယှက်ဟန့်တားသူ အဖျက်အမှောင့်သမားများဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ရန်သူတွေဖြစ်ပါတယ်။** တိုင်းရင်းသားလက်နက်ကိုင်အမည်ခံထားပြီး နယ်တစ်နယ်၊ ခေးတစ်စင်းလုပ်ချင်တဲ့ လက်နက်ကိုင်သူပုန်အဖွဲ့တချို့ကလည်း ရွေးကောက်ပွဲကြီး ဖြစ်ပေါ်လာမှာကို ကြောက်ရွံ့နေကြပါတယ်။ ဒါကြောင့်လည်း ပြည်သူအများစုလိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်မလာရေးအတွက် ရွေးကောက်ပွဲကြီးကို မဖြစ်မနေနည်းမျိုးစုံနဲ့ဟန့်တားနှောင့်ယှက်ကောလာဟလတွေ ထုတ်လွှင့်နေကြပါတယ်။

အဲ့ဒီအဖျက်သမားများရဲ့ ကောလာဟလထုတ်လွှင့်မှုများကြောင့် ယခုလိုရွေးကောက်ပွဲအကြိုကာလမှာ ပြည်သူလူထုအတွင်း မေးခွန်းသုံးခုဖြစ်ပေါ်နေပြီး စိုးရိမ်ပူပန်မှုတွေရှိနေပါတယ်၊ အဲ့ဒီမေးခွန်းသုံးခုကတော့–

- **မေးခွန်း(၁) – လုံခြုံရေးအခြေအနေများအရ တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲမပြုလုပ်နိုင်ပါက ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy) ထိခိုက်နိုင်ပါသလား။**
- **မေးခွန်း(၂) – ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်ဦးရေ ပြည့်မီခြင်းမရှိပါက လွှတ်တော်အစည်းအဝေးများကျင်းပခြင်းနှင့် အစိုးရဖွဲ့စည်းခြင်းတို့ကို ဘယ်လိုဆက်လုပ်မလဲ။**
- **မေးခွန်း(၃) – ဟိုလူမပါလို့၊ ဒီပါတီဝင်မပြိုင်လို့ စစ်မှန်တဲ့ ရွေးကောက်ပွဲဖြစ်နိုင်ပါ့မလား။**

ဆိုတဲ့ မေးခွန်းများပဲဖြစ်ပါတယ်။

ဒီမေးခွန်းသုံးခုဟာ လာမယ့်ရွေးကောက်ပွဲကို ထောက်ခံသူ၊ မထောက်ခံသူကြားမှာ ဝေဖန်ထောက်ပြမှုများရှိနေသလို ရွေးကောက်ပွဲဆန့်ကျင်နေသူတို့က ဒီအချက်များကိုထောက်ပြပြီး ရွေးကောက်ပွဲကို အကြီးအကျယ်အပုပ်ချတိုက်ခိုက်နေတာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံအသီးသီးနဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေကြတဲ့ အဖွဲ့များကလည်း ဒီမေးခွန်းများကိုစိတ်ဝင်တစားသိချင်နေကြပါတယ်၊ ဒါကြောင့်လည်း ဒီမေးခွန်းသုံးခုအဖြေကို ရှင်းလင်းဖြေကြားပေးလိုက်ရပါတယ်။

မေးခွန်းနံပါတ်(၁)ရဲ့ အဖြေကတော့ရှင်းပါတယ်။ လုံခြုံရေးအခြေအနေအရ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲမလုပ်နိုင်လို့ ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) မထိခိုက်နိုင်ပါဘူး။ လုံးဝမထိခိုက်ဘူးဆိုတာ ရဲရဲကြီးပြောရပါတယ်။ ဘာကြောင့်လဲဆိုတာကို အတိုဆုံးဖြေရရင်တော့ ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်အရေအတွက်မည်မျှရှိမှ ရွေးကောက်ပွဲအောင်မြင်အထမြောက်ကြောင်း အခြေခံဥပဒေထဲမှာ ရေးသားဖော်ပြထားခြင်းမရှိလို့ဖြစ်ပါတယ်။

ပိုမိုရှင်းအောင် ထပ်ရှင်းပြရရင်တော့ အခြေခံဥပဒေ၊ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းအခန်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပြဋ္ဌာန်းထားရာ၌ “ပုဒ်မ၊ ၃၉၉(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းအား တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အဆိုပါပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များကို ရွှေ့ဆိုင်းကျင်းပခြင်းဟာ အခြေခံဥပဒေနှင့် ညီညွတ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်နှင့် ကြားဖြတ်ရွေးကောက်ပွဲများအနေဖြင့် ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင်တစ်ကြိမ် ကျင်းပခဲ့သည့်အတွေ့အကြုံများအရ မဲဆန္ဒနယ်အားလုံးရဲ့ ရွေးကောက်ပွဲများကို ရာနှုန်းပြည့် ကျင်းပနိုင်ခြင်းမရှိခဲ့သော်လည်း သက်ဆိုင်ရာလွှတ်တော်များခေါ်ယူခြင်းနှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရများဖွဲ့စည်းခြင်းတို့ကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့သည့် သာဓကများရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်များအားလုံး ရွေးကောက်ပွဲမပြုလုပ်နိုင်ပေမယ့်လည်း လုပ်လို့ရတဲ့

**ယခုရွေးကောက်ပွဲကို သုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်၍ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ ၁၀၀ မြို့နယ်နှင့် တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလောမကျင်းပနိုင်မယ့် မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်း ကြားဖြတ်ရွေးကောက်ပွဲပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင်ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy)ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းက နားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်။**

**စာမျက်နှာ ၂၁ သို့**

> **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

**စာမျက်နှာ ၂၀ မှအဆက်**

မဲဆန္ဒနယ်များကိုရွေးကောက်ပွဲပြုလုပ်ပြီး ရွေးကောက်ခံကိုယ်စားလှယ်များရွေးချယ်ခြင်းဟာ ရွေးကောက်ပွဲရဲ့တရားဝင်မှု(Legitimacy)ကို မထိခိုက်ဘူးဆိုတာ လွယ်ကူရှင်းလင်းစွာသိရှိနိုင်ပါတယ်။

**ယခုရွေးကောက်ပွဲကိုသုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်၍ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ ၁၀၀ မြို့နယ်နှင့် တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလောမကျင်းပနိုင်မယ့် မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်းကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင် ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy)ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းက နားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်။**

မေးခွန်း (၂)အတွက် အဖြေကတော့ အထက်မှာဖော်ပြထားသလို ရွေးကောက်ပွဲကျင်းပရာမှာ မဲဆန္ဒနယ် မည်ရွေ့မည်မျှနှင့် ပြည်သူ့ကိုယ်စားလှယ် မည်ရွေ့မည်မျှအရေအတွက်ကို အခြေခံဥပဒေက သတ်မှတ်ထားခြင်းမရှိတာကြောင့် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ မည်မျှသာရှိသည်ဖြစ်စေ၊ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းကာ လွှတ်တော်အစည်းအဝေးများကိုကျင်းပခြင်း၊ အစိုးရဖွဲ့စည်းခြင်းတို့ကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၀၉ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက်မပိုစေရဟူ၍ လည်းကောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၁၀ ထက်မပိုစေရဟူ၍လည်းကောင်း သတ်မှတ်ထားသည်ဖြစ်ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှပင်ရှိသည်ဖြစ်စေ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးနှင့်ပူးပေါင်းပြီး သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်မှာပဲဖြစ်ပါတယ်။

အစည်းအဝေးအထမြောက်မှုနှင့် ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၁၂၈ (က) အရ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်ကြောင်းပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များကိုသာ တက်ရောက်ခွင့်ရှိသော စုစုပေါင်းဦးရေတွင် ထည့်သွင်းရေတွက်ရခြင်းဖြစ်ပါတယ်။ **ရွေးကောက်ပွဲကျင်းပခြင်းမရှိတဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်နိုင်ခြင်းမလုပ်နိုင်တဲ့ ကိုယ်စားလှယ်အရေအတွက်အား လွှတ်တော်တက်ရောက်ခွင့်ရှိတဲ့ စုစုပေါင်းကိုယ်စားလှယ်အရေအတွက်မှာ ထည့်သွင်းရေတွက်ခြင်းမပြုပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံခဲ့ရသောကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ပြီး လွှတ်တော်လုပ်ငန်းစဉ်များကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မှာပဲဖြစ်ပါတယ်။**

ဆိုလိုတာကတော့ ရွေးကောက်ခံကိုယ်စားလှယ် မည်မျှပင်နည်းသည်များသည်မဆို တပ်မတော်သားကိုယ်စားလှယ်များ၏ အမိန့်နာခံမှု၊ ညီညွတ်မှု၊ နိုင်ငံတော်အရေးအတွက် စိတ်အားထက်သန်စွာလုပ်ဆောင်နိုင်မှုနှင့် တပ်မတော်ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်မှာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရှေ့လုပ်ငန်းစဉ် နံပါတ်(၅)မှာဖော်ပြခဲ့သည့်အတိုင်း "ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်" သွားနိုင်မှာဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အောင်အောင်မြင်မြင် ဆက်လက်တည်ဆောက်သွားနိုင်မှာပဲဖြစ်ပါတယ်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

ရွေးကောက်ပွဲစနစ်ကလည်း ပြည်သူ့လွှတ်တော်တစ်ခုတည်းသာ အနိုင်ရသူအကုန်ယူစနစ် (First Past The Post – FPTP) စနစ်သွားပြီး ကျန်လွှတ်တော်များအတွက် ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation – MMP) ဖြင့် သွားမှာဖြစ်လို့ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အသီးသီးမှ ရွေးချယ်ခံကိုယ်စားလှယ်လောင်းအသီးသီးကလည်း လွှတ်တော်အတွင်းသို့ အချိုးကျစနစ်အရ ဝင်ရောက်လာမှာဖြစ်တဲ့အတွက် စတင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်မှာ သိက္ခာရှိသောလွှတ်တော်၊ အငြင်းပွားဖွယ်မရှိသော လွှတ်တော်အဖြစ် ထင်ထင်ရှားရှားတွေ့မြင်ရတော့မှာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ **ဟိုလူမပါလို့၊ ဒီပါတီမပြိုင်လို့ဆိုတဲ့ မေးခွန်းမေးသူတွေကတော့ ပုဂ္ဂိုလ်ရေးခံစားချက်ကို ရှေ့တန်းတင်သူများဖြစ်ပါတယ်။ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်သူများရဲ့ အမြင်သဘောထားဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့စနစ်က ပါတီစုံဒီမိုကရေစီဖြစ်တဲ့အတွက် တစ်ပါတီတည်းကကြီးစိုးပြီး လူပုဂ္ဂိုလ်ပေါ် အမှီသဟဲပြုလွှန်းရင် အာဏာရှင်စနစ်သာပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ တစ်ပါတီအာဏာရှင်စနစ်နဲ့ လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ အားပြုထားလို့ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နိမ့်ကျခဲ့တဲ့အတွေ့အကြုံတွေကို ခံထားခဲ့ဖူးတာကြောင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး မပါဝင်တာနဲ့ အဲ့ဒီရွေးကောက်ပွဲကို တရားမဝင်ဘူးလို့ သတ်မှတ်လို့မရနိုင်ပါဘူး။** လက်ရှိမကြာမီကျင်းပပြုလုပ်တော့မယ့် ရွေးကောက်ပွဲမှာ တည်ဆဲဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင်ဝင်ရောက်ယှဉ်ပြိုင်မယ့်ပါတီ ၅၇ ပါတီ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ရှိနေပါတယ်။ အဲ့ဒီပါတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ထောက်ခံအားပေးနေတဲ့ ပါတီဝင်များဟာလည်း မြန်မာနိုင်ငံသား ပြည်သူလူထုပဲဖြစ်ပါတယ်။ သူတို့ပါတီအနိုင်ရရှိရေးနဲ့ ပါတီရဲ့မူဝါဒလမ်းစဉ်များနဲ့အညီ အစိုးရဖွဲ့စည်းနိုင်ရေး တစ်နည်းအားဖြင့် နိုင်ငံ့တာဝန်ကိုထမ်းဆောင်နိုင်ရေး ကြိုးစားနေကြတာကိုလည်း အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ ဥပဒေနဲ့အညီ မှတ်ပုံမတင်လို့ ပါတီဖျက်သိမ်းခံရခြင်းဟာ သူ့သဘောသူဆောင်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာ ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်ထောက်ခံအားပေးတဲ့ ပါတီအဟောင်းတွေမပါတာနဲ့ ဒီရွေးကောက်ပွဲဟာ အစစ်အမှန်မဟုတ်ကြောင်း ဝေဖန်ပြောဆိုမှုများဟာ ရွေးကောက်ပွဲကိုနှောင့်ယှက်ဟန့်တားနေခြင်းသာဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ်ဖြစ်ပေါ်လာပါက လက်ရှိနိုင်ငံတော်အစိုးရကိုဆန့်ကျင်နေတဲ့ အဖျက်အမှောင့်အကြမ်းဖက်သမားတွေအဖို့ ရှေ့ဆက်ရပ်တည်ရန်ခက်ခဲတဲ့ အခြေအနေသို့ရောက်ရှိနိုင်တဲ့အတွက် အကြမ်းဖက်သောင်းကျန်းသူ၊ ဝရမ်းပြေးပြည်ပြေး အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း၊ မပျက်ပျက်အောင်ဖျက်ဆီးရမည့်အကြောင်းတွေ လှုံ့ဆော်မှုတွေအရှိန်မြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ပြည်သူတွေ စိုးရိမ်ထိတ်လန့်နေမှသာ သူတို့ရှင်သန်ရပ်တည်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ဘဝပေါင်းများစွာကိုချနင်းပြီး သူတို့သာအာဏာပြန်လည်ရရှိရေး နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေတဲ့ ပြည်ပြေးအုပ်စုများရဲ့အဟန့်အတား၊ အနှောင့်အယှက်များကို တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူလူထုအနေနဲ့ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ တက်ညီလက်ညီစည်းလုံးမှုအင်အားဖြင့် တုံ့ပြန်ဆန့်ကျင်သွားရန် လိုအပ်လှပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အရေးကြီးတဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘက်ပေါင်းစုံကနေ ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲပျက်စီးရာပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်ဝါဒဖြန့်မှုများကို နားမယောင်ကြရန်လည်း သတိပေးနှိုးဆော်လိုပါတယ်။

နိုင်ငံတော်အစိုးရကတော့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကိုနှောင့်ယှက်ခြင်းမှ ကာကွယ်ပေးတဲ့ ဥပဒေများပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်ပေးကြမယ့် နိုင်ငံ့ဝန်ထမ်းများကို ကာကွယ်ပေးလျက်ရှိပါတယ်။ ဒီဥပဒေဟာလည်း အသက်ဝင်လျက်ရှိပြီး ဒီဥပဒေအရ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူ ၉၃ ဦးကို ဥပဒေနဲ့အညီ အမှုဖွင့်အရေးယူပြီးဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရဲ့အချိုးအကွေ့ နိုင်ငံရေးအပြောင်းအလဲမှာ ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ဖို့အတွက် ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်ပေးကြဖို့ကိုလည်း အသိပေးလိုပါတယ်။

နိုင်ငံတော်အစိုးရက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်မဖြစ်မနေကျင်းပမည့် အကြောင်းအတိအလင်းကြေညာချိန်ကစပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများအပါအဝင် နိုင်ငံများစွာတို့မှ နိုင်ငံ့ခေါင်းဆောင်များက အသိအမှတ်ပြုအားပေးထောက်ခံကြသလို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ စေလွှတ်ပေးသွားမယ်လို့လည်း သိရပါတယ်။

**ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ရဲ့ အနာဂတ်ကို တည်ငြိမ်အေးချမ်းစွာပုံဖော်နိုင်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တာဝန်သိနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်ဖို့လိုအပ်လှပါတယ်။** မိမိတို့ရဲ့အဖိုးတန်တဲ့ နိုင်ငံသားအခွင့်အရေးကို လက်တွေ့အသုံးချကြပြီး တစ်မျိုးသားလုံးရဲ့ စုစည်းညီညွတ်သောစွမ်းအားဖြင့် အဖျက်သမားတို့ရဲ့အန္တရာယ်ကိုတွန်းလှန်ပြီး မိမိတို့အားလုံးလိုလားတောင့်တနေတဲ့ ဒီမိုကရေစီပန်းတိုင်ကို အောင်မြင်စွာရောက်ရှိအောင် ဟန်ချက်ညီညီ တက်လှမ်းကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီး ဖြစ်ပေါ်လာစေရေးနဲ့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်စေရေးအတွက် ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ ကျရာကဏ္ဍမှ တက်ညီလက်ညီပါဝင်ပူးပေါင်းကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။



## လူကုန်ကူးခံရသူများအတွက် ညွန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ အကြိမ် ၃၀ မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ အကြိမ် ၃၀ မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် အကြိမ် ၃၀ မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကျိုင်းတုံမြို့ ကောင်းမှုခမ်းကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇေယျ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းရှေ့)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင် စေတနာရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ သာဓုအနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး ရတနာ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တိုင်းစစ်ဌာနချုပ်အနေဖြင့် အဆိုပါ စုပေါင်းမဟာဘုံကထိန်တွင် ပစ္စည်းနှင့် ငွေသား ကျပ် ၆၄၄ သိန်းကျော်တန်ဖိုးရှိ ပဒေသာပင် စုစုပေါင်း ၃၆ ပင်ကို ကျိုင်းတုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၃ ကျောင်းသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင် ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက် အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော် လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်း ကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက် အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူ ဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား ဦးရေ ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးတို့ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ဦးရေ ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၉၆၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား ဦးရေ ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးတို့ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## တောင်ဆူဒန်နိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများနှင့် ရေဘေးသင့် ပြည်သူ ၉ ဒသမ ၃ သန်း ထက်မနည်း အကူအညီလိုအပ်နေ



**ဂျူဘာ အောက်တိုဘာ ၂၆**

တောင်ဆူဒန်နိုင်ငံတွင် ယခုနှစ်မိုးရာသီကာလအတွင်း ရေဘေးအန္တရာယ်ကြောင့် ရေဘေးသင့်ပြည်သူ၉ ဒသမ ၃ သန်းထက်မနည်းရှိနေသည့်အတွက် လုံလောက်စွာပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတကာ၏အကူအညီ လိုအပ်နေကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသည့် ပြည်နယ်များရှိနေပြီး အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်သူပေါင်း ၉၆၀၀၀၀ ထက်မနည်း ရှိခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်နယ်များတွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများခဲ့ပြီး အသေအပျောက်များခဲ့ကြောင်း သိရသည်။

"အခုနှစ် မိုးရာသီကာလအတွင်း တောင်ဆူဒန်နိုင်ငံရဲ့ ပြည်နယ်တွေမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ အဲဒီပြည်နယ်တွေမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူ ၉၆၀၀၀၀ ထက်မနည်း ရှိခဲ့ပြီး လူသားချင်း စာနာထောက်ထားရေးအစီအစဉ်နဲ့ ကူညီပေးဖို့ လိုအပ်နေတဲ့ ပြည်သူပေါင်း ၉ ဒသမ ၃ သန်းထိ ရှိနေပါတယ်။ နိုင်ငံတကာအနေနဲ့ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းတွေလိုအပ်နေတဲ့ ရေဘေးသင့်ပြည်သူတွေကို ကူညီပေးကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု ကမ္ဘာ့ကုလသမဂ္ဂ၏ တောင်ဆူဒန်နိုင်ငံဆိုင်ရာ လူသားချင်း စာနာထောက်ထားရေးအစီအစဉ်၏ သံတမန် အန်နီတာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများနှင့် လမ်း၊ တံတားများပျက်စီးခဲ့

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် အောက်တိုဘာ ၂၅ ရက်က ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများနှင့် လမ်း၊ တံတားများ ပျက်စီးခဲ့ကြောင်း နိုင်ငံဘူမိသိပ္ပံသုတေသနဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် မြေအောက်အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားများ အနည်းငယ်ပျက်စီးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်များလည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်သည် ပြင်းအားမများသော်လည်း အက်ကွဲသွားသည့် အဆောက်အအုံများရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်သွားရန် လိုကြောင်း ကျွန်းအာဏာပိုင်များက သတိပေးထားသည်။

လက်ရှိတွင် လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူအနည်းငယ်ရှိကြောင်း၊ ငလျင်ကြောင့်ပျက်စီးခဲ့ရသည့်အဆောက်အအုံများကိုလည်း ရှင်းလင်းပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း၊ ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းသည် ငလျင်ဒဏ်ကို မကြာခဏ ရင်ဆိုင်ရလေ့ရှိသောကျွန်းဖြစ်ပြီး ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ပြီးနောက် ဒေသခံများကို သတိပြုနေထိုင်ကြရန် ကျွန်းအာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဖိလစ်ပိုင်နိုင်ငံရှိ ကန်လာအိုမီးတောင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးနှင့် ပြာမှုန်များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်

**မနီလာ အောက်တိုဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံရှိ ကန်လာအိုမီးတောင်သည် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးခိုးနှင့် ပြာမှုန်များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဌာန (PHIVOLCS) က အောက်တိုဘာ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကန်လာအိုမီးတောင် ပေါက်ကွဲမှုသည် အောက်တိုဘာ ၂၄ ရက် ည ၈ နာရီကျော်တွင် ဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲချိန်သည် လေးမိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲစဉ် မီးခိုးနှင့် ပြာမှုန်များသည် မီးတောင်ဝ၏အထက် နှစ်ကီလိုမီတာထိ ပျံ့လွင့်သွားခဲ့ကြောင်း၊ မီးတောင် ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများရှိကြောင်း၊ လက်ရှိအချိန်ထိ မီးတောင်သည် အားလျော့သွားသော်လည်း ဆက်လက်ပေါက်ကွဲနေဆဲဖြစ်ကြောင်း သိရသည်။



"မီးတောင်ဟာ လက်ရှိမှာ အန္တရာယ်သတိပေးအဆင့် (၂) တွင် ရှိနေပြီး မီးတောင်အနီးနေထိုင်သူတွေနဲ့ လာရောက်လည်ပတ်သူတွေကို မီးတောင်ဝန်းကျင် လေးကီလိုမီတာအကွာအန္တရာယ်ဇုန်ကို မဝင်ရောက်ဖို့ သတိပေးထားပါတယ်။ ကန်လာအိုမီးတောင်ဟာ Negros Oriental နဲ့ Negros Occidental ပြည်နယ်အကြားမှာ တည်ရှိပြီး နိုင်ငံရဲ့အလှုပ်ရှားဆုံး မီးတောင် ၂၄ ခု အနက်တစ်ခုဖြစ်ပါတယ်"ဟု PHIVOLCS ၏ အကြီးအကဲ မာရီတက်အန်တိုနီယာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

## နယူးဇီလန်နိုင်ငံ တွစ်လိုက်ကမ်းခြေတွင် ပိုင်းလော့ဝေလငါးအကောင် ၂၀ ကျော် အလိုအလျောက်သေဆုံးကာ သောင်တင်နေ

**ဝယ်လင်တန် အောက်တိုဘာ ၂၆**

နယူးဇီလန်နိုင်ငံ တွစ်လိုက်ကမ်းခြေသို့ အုပ်စုလိုက်ရောက်ရှိလာသည့် ပိုင်းလော့ဝေလငါးအုပ်စုမှ အကောင် ၂၀ ကျော် အလိုအလျောက်သေဆုံးကာ ကမ်းခြေတွင် သောင်တင်နေကြောင်း Ministry of Nature Conservation က အတည်ပြုထုတ်ပြန်ခဲ့ကြောင်း အောက်တိုဘာ ၂၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတွင်တည်ရှိသည့် တွစ်လိုက်ကမ်းခြေသည် ပြည်တွင်း၊ ပြည်ပခရီးသည် အမြောက်အမြားလည်ပတ်လေ့ရှိသည့်ကမ်းခြေဖြစ်ကြောင်း၊ ရှားပါးဝေလငါး မျိုးစိတ်ဖြစ်သည့် ပိုင်းလော့ဝေလငါးများ အလိုအလျောက် သေဆုံးမှုနှင့်ပတ်သက်ပြီး Ministry of Nature Conservation မှ သုတေသီများက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း၊ ပိုင်းလော့ဝေလငါးများ သေဆုံးမှုဖြစ်စဉ်ကို အတိအကျထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ သေဆုံးခဲ့သည့် ပိုင်းလော့ဝေလငါးတချို့ကို ဓာတ်ခွဲခန်းသို့ပို့ဆောင်ကာ သေဆုံးခဲ့ရသည့်အကြောင်းရင်းကို ဖော်ထုတ်မည်ဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

"တွစ်လိုက်ကမ်းခြေမှာ ပိုင်းလော့ဝေလငါးမျိုးစိတ်တွေ ပုံမှန်သွားလာလှုပ်ရှားနေတာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့လဲ ဒီတစ်ကြိမ်မှာတော့ အုပ်စုနှစ်စုခွဲပြီး ကမ်းခြေကို ရောက်လာခဲ့တဲ့ ပိုင်းလော့ဝေလငါးတွေထဲက အကောင်ရေ ၂၀ ကျော် အလိုအလျောက် သေဆုံးပြီး ကမ်းခြေမှာ သောင်တင်ခဲ့ပါတယ်။ တာဝန်ရှိသူတွေနဲ့ သုတေသီတွေ ကမ်းခြေကို သွားရောက်ပြီး သေဆုံးခဲ့တဲ့ ပိုင်းလော့ဝေလငါးမျိုးစိတ်တချို့ကို ဓာတ်ခွဲခန်းပို့ဆောင်ပြီးတော့ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ သေဆုံးခဲ့တဲ့ အဓိကအကြောင်းရင်းကိုတော့ မသိရသေးပါဘူး" ဟု Ministry of Nature Conservation မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပိုင်းလော့ဝေလငါးများ သေဆုံးမှုနှင့်ပတ်သက်ပြီး တိကျသည့်အဖြေကို ဖော်ထုတ်နိုင်ခြင်းမရှိသေးသော်လည်း ခန့်မှန်းချက်အရ ရေထုညစ်ညမ်းမှုကြောင့် သေဆုံးမှုဖြစ်ပေါ်ခဲ့ဟန်ရှိကြောင်းလည်း သုတေသီများက သုံးသပ်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ဟေတီနိုင်ငံတွင် မလီဆာအပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်

**ပို့အော်ပရင့်စ် အောက်တိုဘာ ၂၆**

မလီဆာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် ဟေတီနိုင်ငံသို့ အောက်တိုဘာ ၂၄ ရက်မှ စတင်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း Haitian Civil Protection Agency က ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းအား ပိုကောင်းလာနိုင်သကဲ့သို့ ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားနိုင်ကြောင်း၊ မုန်တိုင်းကြောင့် ပျက်စီးမှုများရှိနေသကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် နေရှင်နယ် ဟာရီကိန်းမုန်တိုင်းစင်တာ (NHC) က ထုတ်ပြန်ခဲ့သည်။

"မလီဆာလို့ အမည်ပေးထားတဲ့ အပူပိုင်းမုန်တိုင်းဟာ အောက်တိုဘာ ၂၄ ရက်က ဟေတီနိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းအားကောင်းခဲ့သလို မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်းတွေ မြင့်မားခဲ့ပါတယ်။ မုန်တိုင်းဟာ ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားနိုင်တယ်လို့လဲ သိရပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းဟာ တစ်နာရီ ၆၅ မိုင်နှုန်းနဲ့ တိုက်ခတ်နေပါတယ်။ မုန်တိုင်းအန္တရာယ်ရင်ဆိုင်ဖို့အတွက် ကြိုတင်သတိပေးချက်တွေလဲ ထုတ်ပြန်ထားတဲ့အတွက် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ပါဘူး" ဟု Haitian Civil Protection Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မလီဆာ မုန်တိုင်းသည် လာမည့်ရက်ပိုင်းအတွင်း ဂျမေကာနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်သွားနိုင်ပြီး ၎င်းနိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်ချိန် မုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် တိုက်ခတ်နိုင်ဖွယ်ရှိနေကြောင်းလည်း NHC က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# ရောင်စင်ကင်းသည့် ထိုကောင်းကင်

## အမေ့သား(နတ်မောက်)



**ယမန်နေ့မှအဆက်**

"ဩော်... မေ့ကို ပြောဖို့ တစ်ခုကျန်သွားတယ်။ မေတို့မြို့မှာ မောင့်အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်။ သူ့ဆီမှာ မောင်တည်းမှာ မေ။ မေနဲ့ အတူတူလည်ဖို့လဲ သူ့ဆီမှာ ဆိုင်ကယ်ငှားဖို့ မောင်ပြောထားပြီးသား မေ"

မေ "ဟူးခနဲ" သက်ပြင်းတစ်ချက် မှုတ်ထုတ်မိပါတယ်။ မောင်ဟာ မေ့ရဲ့သံသယမကင်းတဲ့ မေးခွန်းအပေါ် ဘာမှတ်ချက်မှမပေးဘဲ ရိုးရိုးအေးအေးကြီး ဖြေဆိုလို့လာတာကြောင့်ပါ။ မေ့ကို ကြိုပြီးမပြောရကောင်းလားဆိုပြီး သူ့ကိုယ်သူတောင် နောင်တရမိသွားတဲ့ အသံမျိုး။ မေကတော့ သံသယမကင်းစွာ မေးလိုက်မိတဲ့ သူ့မေးခွန်းအတွက် လိပ်ပြာမလုံသလို ဖြစ်မိပြီး မောင့်အပေါ် အားတုံ့အားနာ ဖြစ်သွားမိပါတယ်။ အဲဒီနောက်မှာတော့ မောင်လာမယ်ဆိုတဲ့ စကားကို ထောက်ခံပြောဆိုပြီး မောင်ရောက်ရှိလာမဲ့ အချိန်ကို ရင်ခုန်စွာ စောင့်မျှော်နေမိပါတော့တယ်။

(၄)

မမရတီကတော့ မောင့်စကားကို အတင်းကြီး မယုံဖို့နဲ့ ယောကျ်ားဆိုတာ မရောက်ခင်တစ်မျိုး၊ ရောက်ရင်တစ်မျိုး၊ သူတို့လိုချင်တာကို စည်းရုံးသိမ်းသွင်းပြီး ရအောင်ယူတတ်ကြောင်း သတိပေးစကားပြောဆိုပါတယ်။ ဒါကို မေ အပြစ်မမြင်တဲ့အပြင် ကိုယ့်ညီမလေးတစ်ယောက်လို သွန်သင်ဆုံးမပေးတဲ့ မမရတီကို ကျေးဇူးတောင် တင်မိပါသေးတယ်။ "လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာပါ မမရတီရယ်" ဆိုတဲ့ စကားကိုတော့ မေ့စိတ်ထဲကနေပဲ ပြောဆိုနေမိပါတယ်။

မောင်နဲ့တွေ့ရမဲ့အရေးကို မေ ရင်ခုန်နေမိတယ်။ မောင်က ကတိတည်သူ တစ်ယောက်ပီပီ သူပြောထားတဲ့အချိန်မှာ ရောက်အောင်လာခဲ့ပါတယ်။ သူပေးထားတဲ့ ကတိအတိုင်း သူ့အစ်ကိုဝမ်းကွဲဆိုသူရဲ့အိမ်မှာ အထုပ်အပိုးတွေ ထားခဲ့ပြီးမှ ဆိုင်ကယ်တစ်စီးနဲ့ မေ့ဆီကို ပေါက်ချလာတာပါ။ အပြင်မှာ ပထမဆုံး တွေ့ဆုံဖူးခြင်းဆိုပေမဲ့ မေတို့နှစ်ယောက်ဟာ တွေ့တွေ့ချင်းမှာပဲ တစ်ယောက်နဲ့တစ်ယောက် ချက်ချင်းဆိုသလို မှတ်မိသွားကြတာ အံ့ဩစရာကောင်းလှပါတယ်။ မောင်က ခေတ်ဆန်ဆန်ဝတ်စားမလာဘဲ ပေါ့ပေါ့ပါးပါး စပို့စ်ရှပ်အင်္ကျီနဲ့ ပုဆိုးလေးကိုသာ ရိုးရိုးလေး ဝတ်ဆင်လာတာပါ။ မေကြည့်လို့မဝအောင် မောင့်ပုံစံက ရိုးရှင်းလို့နေပါတယ်။ မေ့ကို ပြုံးပြနေတဲ့ မောင့်ရဲ့ အပြုံးက အေးချမ်းနေပါရဲ့လေ။

"မေက အပြင်မှာ ပိုလှတယ်နော်"

မောင်က အပြုံးနဲ့ဆိုလာတော့ မေ မနေတတ်အောင် ဖြစ်သွားရပါတယ်။

"မောင်ကတော့ မြှောက်နေပြန်ပါပြီ"

ချစ်သူနှစ်ဦးရဲ့ ပထမဆုံးတွေ့ဆုံခြင်းက အပြုံးကိုယ်စီနဲ့ ပျော်ရွှင်စရာကောင်းလှပါတယ်။ မောင့်ခါးလေးကို သိုင်းဖက်ထားပြီး ဆိုင်ကယ်စီးရတာ ရင်ခုန်လွန်းလှပါရဲ့။ မောင်က ဆိုင်ကယ်ကို ဖြေးညင်းစွာ မောင်းနှင်ပြီး လည်ပြန်လေးစောင်းငဲ့ကြည့်နေလို့ ဆိုင်ကယ်ကို ဂရုစိုက်စီးဖို့ပြောဆိုရင်း မောင့်ကျောပြင်ကို လက်သီးလေးနဲ့ ခပ်ဖွဖွထုလိုက်မိတယ်။

မေတို့နှစ်ယောက်ဟာ ပထမဆုံး တွေ့ဆုံတဲ့နေ့မှာ ညနေလဲစောင်းနေပြီမို့ ဝေးဝေးလံလံ မသွားဖြစ်ဘဲ နီးနီးနားနား ဆိုင်တန်းလေးမှာပဲ လေညင်းခံရင်း မေစားချင်တာတွေကို မောင်က ဝယ်ကျွေးပါတယ်။

"ကဲ... ပြန်ကြရအောင် မေ၊ နောက်ကျနေရင် မေ့ကို တခြားသူတွေ တစ်မျိုးထင်ကုန်ပါ့မယ်"

နေရောင်ပျောက်ကွယ်သွားပေမဲ့ အလင်းရောင်က ရှိနေပါသေးတယ်။ မေ့အတွက် တွေးပူပေးတဲ့ မောင့်ကို မေ ကျေးဇူးတင်မိပါတယ်။ မောင်က မေ့ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တဲ့အခါ မောင့်ရင်ခွင်လေးက နွေးထွေးလိုက်တာ။ မေ့ဘဝတစ်ခုလုံး လုံခြုံသွားသလို ခံစားရပါတယ်။ ပီတိဖြစ်ရပါတယ်။

အပြန်လမ်းမှာ လေပြေအေးလေး တိုက်ခတ်နေတယ်။ မောင့်ကိုယ်သင်းနံ့လေးက မွှေးပျံ့လို့လာပါတယ်။

"မနက်ကျ မောင်လာခေါ်မယ်နော် မေ၊ ဘိုင့်"

မောင်က လက်ပြလို့ နှုတ်ဆက်နေတယ်။ မေလဲ ခေါင်းညိတ်ပြပြီး မောင့်ကို လက်ပြနှုတ်ဆက်လိုက်ပါတယ်။

မောင်ထွက်သွားပြီဆိုပေမဲ့ မောင့်ကိုယ်သင်းနံ့လေးက ပြေပျောက်မသွားဘဲ မေ့အနားမှာ သင်းပျံ့လို့နေပါတယ်။ မောင့်ရင်ခွင် အနွေးဓာတ်လေးက ခုချိန်ထိ မေ့ကို နွေးထွေးနေဆဲပါ။

တပြုံးပြုံးဖြစ်နေတဲ့ မေ့ကို မမရတီက ခြေဆုံး ခေါင်းဆုံးကြည့်လို့နေပါတယ်။ အစပထမ မေ သတိ မထားမိဘူး။ သတိထားမိတဲ့အချိန်မှာ မေ ရှက်ကိုးရှက်ကန်းဖြစ်မိပြီး ခေါင်းကို ကုတ်နေမိပါတယ်။

"အမယ်... အခုမှ ရှက်သလိုလို ဘာလိုလိုနဲ့"

မမရတီက မျက်စောင်းလေးချီပြီး ပြောတော့ မေ "တဟီးဟီး" သာ လုပ်နေမိပါတယ်။ မမရတီက မေ့အနားတိုးကပ်လာပြီး အခြေအနေကို မေးမြန်းပါတယ်။ စပ်စုတယ်လို့ မေ သဘောမထားပါဘူး။ မောင့်ရဲ့ရိုးသားတဲ့ စိတ်ထားကို မေ ဂုဏ်ယူစွာနဲ့ ပြောဆိုလိုက်ပေမဲ့ မမရတီကတော့ ချီးကျူးထောမနာပြုတာမျိုးမရှိပါဘူး။

"ဒေါ်မေသရဖီ ဒါပထမနေ့ပဲ ရှိသေးတယ်။ သိပ်ပြီး ချီးကျူးမစောနဲ့အုံး။ လိုချင်တာရဖို့ အစပျိုးတာလို့ ခေါ်တယ်။ ဒါယောကျ်ားတွေရဲ့ မာယာပဲ။ အယုံသွင်းတာနားလည်လား။ အေး မနက်ဖြန် ချစ်သူများနေ့၊ ဘယ်သွားမယ်၊ ဘာလုပ်မယ် မသိသေးဘူး။ သတိဝီရိယနဲ့နေ ကြားသလား"

မမရတီက ခပ်တည်တည်နဲ့ ပြောဆိုပါတယ်။ တစ်ဖက်သားကို သံသယစိတ် လွန်ကဲလိုက်တာလို့ မေ အထင်ရောက်မိတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ထုတ်ဖော်မပြောဖြစ်ပါဘူး။ မမရတီကို အပြုံးမပျက် ခေါင်းသာညိတ်ပြမိပါတယ်။ မေ့စိတ်ထဲမှာ မတင်မကျဖြစ်နေတာက မနက်ဖြန် ချစ်သူများနေ့ ဆိုတာပါပဲ။

(၅)

မေ မိုးလင်းခါနီးမှ အိပ်ပျော်သွားတော့ မနက်အိပ်ရာထနောက်ကျသွားတယ်။ မောင်ရောက်လာတဲ့အချိန်ထိ မေပြင်လို့ ဆင်လို့ မပြီးသေးဘူး။ မောင့်ကို အားနာနာနဲ့ပဲ စောင့်ခိုင်းထားရတယ်။ မောင်က အပြုံးမပျက်တဲ့အပြင် "အေးအေးဆေးဆေး လုပ်နော် မေ" လို့တောင်ပြောပါသေးတယ်။ အဆောင်ထဲမှာ ဝင်ထိုင်ဖို့ပြောပေမဲ့ မောင်က ဝင်မထိုင်ပါဘူး။ ဆိုင်ကယ်ပေါ်မှာပဲ စောင့်နေမယ်တဲ့။ မေ ခပ်မြန်မြန်လေးဖြီးလိမ်းပြီးတာနဲ့ ထွက်လာခဲ့ပါတယ်။ မေ ထွက်လာပြီဆိုတာကို မောင်က ဘယ်လိုများသိနေသလဲ မသိပါဘူးလေ။ ဆိုင်ကယ်ပေါ်ကနေဆင်းပြီး မေ့ကို အပြုံးနဲ့ ဆီးကြိုနေပါတယ်။ ဒီတော့မှ မောင့်ပုံစံကို မေ သေချာကြည့်မိတယ်။ မောင့်ပုံစံက ဘုရားသွား၊ ကျောင်းတက်လုပ်မဲ့ ဝတ်စားဆင်ယင်မှုမျိုး။ စတစ်ကော်လာအဖြူနဲ့ ယောပုဆိုးကို မြန်မာဆန်ဆန် ဝတ်ဆင်ထားတာပါ။ မောင့်ကို မေ ခြေဆုံးခေါင်းဆုံး အခေါက်ခေါက်အခါခါကြည့်နေမိတယ်။

"ဘာဖြစ်လို့ ဒီလောက်တောင် ကြည့်နေရတာလဲမေရဲ့"

"ဟို ဟိုလေ မောင်က ဒီပုံစံနဲ့ ဘယ်ကို သွားမလို့လဲဟင်"

မေ ဟန်မဆောင်နိုင်ဘဲ တအံ့တဩမေးမိပါတယ်။

"ဘုရားသွားမယ်လေ မေရဲ့"

"ဘုရားသွားမယ်"

မောင့်စကားကိုမေသံယောင်လိုက်မိသွားတယ်။

"ဟုတ်တယ်လေ မေရဲ့ ဘုရားသွားမယ်။ မေနဲ့ အတူရှိတဲ့အချိန်လေးမှာ ကောင်းမှုကုသိုလ် အတူတူ လုပ်မယ်လေ မကောင်းဘူးလား။ ပြီးရင် မေ့ကို ချောကလက်လိုက်ကျွေးမယ်။ ဩော်... မေ့လို့။ မောင့်မှာ အဝတ်အစားအပိုပါပါတယ် မေရဲ့။ ဘုရားက ပြန်လာရင် မောင် အဝတ်အစားလဲမှာပေ့ါ။ ဒီပုံစံကြီးနဲ့တော့ ဘယ်ရှော့ပင်းသွားပါ့မလဲ"

မောင်က မေ့ရဲ့အကြည့်တွေကို သဘောပေါက်သွားတဲ့ပုံပါ။ လေပြေအေးနဲ့ ပြောဆိုလာပါတယ်။ ဒီတော့မှ မေ စိတ်အေးစွာနဲ့ မောင့်စိတ်ကူးကို သဘောပေါက်ပါတော့တယ်။ မောင့်စိတ်ကူးကို သဘောကျမိပေမဲ့ ကြိုမပြောရကောင်းလားဆိုပြီး စိတ်ဆိုးချင်ချင် ဖြစ်မိသေးတယ်။ ဒါပေမဲ့ ရခေါင့်ရခဲ မောင်နဲ့တွေ့ရတဲ့အချိန်လေးမှာ စိတ်မဆိုး၊ စိတ်မကောက်မိစေဖို့ မေ ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်နိုင်ပါတယ်။ ခေတ်ဆန်ဆန် အတိုအပြတ်တွေ ဝတ်မလာခဲ့မိတာဘဲ တော်ပါသေးရဲ့လို့ အောက်မေ့မိတယ်။ မောင့်ရဲ့ခါးလေးကို သိုင်းဖက်ပြီး ကျေနပ်စွာနဲ့ပဲ မေ လိုက်ပါလာခဲ့ပါတယ်။ မကြာခဏဆိုသလို ရောက်ဖြစ်တဲ့ မြသလွန်ဘုရားကြီးက မောင်နဲ့အတူ ဖူးမြော်ခွင့်ရတော့မှ ပိုပြီး အဓိပ္ပာယ်ရှိသလို ခံစားရတာ ထူးဆန်းလွန်းလှပါရဲ့။

မေ တရားစာကို အတိုချုံးမျှ ရွတ်ဆိုပူဇော်ကာ ရှိခိုးဦးချဆုတောင်းပြီးတော့ မောင့်ကိုသာ ကြည့်နေမိပါတယ်။ မျက်လုံးကလေးကိုမှိတ်ကာ လက်အုပ်ကလေးချီထားပြီး တရားစာတွေ ရှည်လျားစွာ ရွတ်ဆိုနေတဲ့ မောင့်ရဲ့အပြုံးမျက်နှာကို မြင်ရတာ ကြည်နူးဖို့ ကောင်းလိုက်တာ။ အေးချမ်းလိုက်တာ။ မောင့်မျက်နှာက အကြည့်ခံတဲ့အထဲမှာပါတယ်လို့ ကောက်ချက်ချမိတော့ ကိုယ့်ကိုယ်ကိုယ် ရှက်ကိုးရှက်ကန်း ဖြစ်မိသွားသေးရဲ့။

"မေ ဘာကြည့်နေတာလဲ"

ဘုရားဝတ်ပြုပြီး မျက်လုံးလေးဖွင့်ကြည့်လာတဲ့ မောင်တစ်ယောက် သူ့ကိုငေးကြည့်နေတဲ့ မေ့ကို မြင်တော့ မျက်လုံးကလေး ပြူးကျယ်သွားတယ်။ မေကတော့ အပြုံးမပျက် မောင့်ကို ကြည့်နေဆဲပါ။

"ချစ်ဖို့ကောင်းလို့"

"ဟား ဟား မေကတော့လုပ်ပြီ။ ကဲ... သွားကြရအောင်"

မောင်က မတ်တတ်ထရပ်ပြီး မေ့လက်ကလေးကို ဆွဲကိုင်ထူမပေးပါတယ်။ မောင်နဲ့ မေတို့ရဲ့ နှစ်ယောက်နာမည်နဲ့ အလှူငွေထည့်ဝင်ပြီးတဲ့နောက်မှာ ဘုရားကနေ ပြန်လည်ထွက်ခွာခဲ့ပါတယ်။ တစ်နေရာအရောက်မှာပဲ မောင် အဝတ်အစားလဲပါတယ်။ ပြီးတာနဲ့ မောင်က တစ်နေရာကို ဦးတည်ပြီး ဆိုင်ကယ်ကို မောင်းထွက်တယ်။ ဘယ်နေရာလဲဆိုတာ မပြောတော့ မေ ရင်ခုန် စိတ်လှုပ်ရှားနေမိတယ်။ မမရတီရဲ့သတိပေးစကားတွေ ပြန်လည်ကြားယောင်မိပေမဲ့ မောင့်ရဲ့ကိုယ်သင်းနံ့လေးအောက်မှာ ခဏလေးနဲ့ပျောက်ကွယ်သွားပါတယ်။ တော်တော်ကြာတဲ့အထိ မောင် ပြောတဲ့ဆိုင်ကို မရောက်သေးဘူး။ ဒီဘက်ကို မေ သွားလေ့သွားထမရှိတော့ ကျွမ်းကျွမ်းကျင်ကျင်မရှိလှဘူး။ မောင် ဘယ်ကို သွားနေသလဲဆိုတာလဲ မေ မသိပါဘူး။ မောင့်ကို မေးတော့လဲ မောင်က အပြုံးနဲ့ "စပရိုက်" လို့သာ ဆိုရှာတယ်။ မောင်က အပြုံးမပျက်ပေမဲ့ မေကတော့ ရင်ခုန် စိတ်လှုပ်ရှားနေပါပြီ။

"ကဲ...ရောက်ပြီ မေ"

ဆိုင်ကလေးက အေးချမ်းတိတ်ဆိတ်လို့နေတယ်။ အပြင်အဆင်က သပ်သပ်ရပ်ရပ်ရှိလှပါတယ်။ တော်တော်လေးသန့်ရှင်းတဲ့ပုံပါ။ မောင်က မေ့ကို ဆိုင်အပြင် ထိုင်ခုံလေးမှာ ထိုင်စောင့်ခိုင်းထားပြီး ဆိုင်ထဲဝင်သွားပါတယ်။ **စာမျက်နှာ ၂၅ သို့ á**

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၁၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၁၁၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၆၈၅၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမ ပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ဧက ၁၁၁၀ ထိစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း မြေပဲဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်တွင် ဒေသထွက် ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဒေသထွက် ငါးသလောက်များ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဒေသထွက် ငါးသလောက်များ အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးသလောက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်တွေက ဒေသထွက် ငါးသလောက်တွေပါ။ ငါးသလောက်တွေကလဲ ဝင်ကုန်နဲ့ ထွက်ကုန်မျှတစွာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းနေတာပါ" ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၂၉၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကိုယ့်ကိုယ်ကိုယ် အားကိုးပါ

- ကိုယ့်ကိုယ်ကိုယ် အားကိုးလို့
  ကြိုးစားသော သူတွေသာ၊
  ဘဝဝယ် စိတ်ချမ်းမြေ့
  ပျော်မွေ့ချမ်းသာ၊
  မိသားစု အားကိုးရာ
  သစ်တစ်ပင်ကောင်း ဥပမာ
  အကိုင်းအခက်ဖြာ ငှက်အပေါင်းနား၊
  ပတ်ဝန်းကျင် တည်ငြိမ်အေး
  နွေးထွေးပါတကား။

- ကိုယ့်ကိုယ်ကိုယ် အားကိုးလို့
  ကြိုးစားသော သူတွေသာ၊
  အမှားအမှန် သုံးသပ်တတ်
  မြင့်မြတ်ချမ်းသာ၊
  ဖတ်မှတ်ကြ စာများစွာ
  အသိပညာ ဗဟုသုတ၊
  တစ်နေ့ဝယ် တစ်နေ့ထက်
  တိုးတက်ပြည့်ဝ။

- ကိုယ့်ကိုယ်ကိုယ် အားကိုးလို့
  ကြိုးစားသော သူတွေသာ၊
  အချိန်ကို အရင်းအနှီးလုပ်
  အားထုတ်ငွေရှာ၊
  ဖွဲလုံ့လ ဝီရိယသာ
  အားကိုးကာ ရှေ့ဆက်၊
  ဘဝဝယ် တိုးတက်ရေး
  မြော်တွေးထမ်းရွက်။ ။

**ချစ်သက်(မြန်မာစာ)**

# ကြံခင်းမြို့နယ် ပေါက်တူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေကြာအပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်၊ သွင်းအားစုများအတွက် ချေးငွေပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ပေါက်တူးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ၂၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေါက်တူးကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသူ ၂၆ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

á **စာမျက်နှာ ၂၄ မှအဆက်**

မကြာဘူး မောင် ပြန်ထွက်လာတယ်။ လက်ထဲမှာ ဖဲကြိုးလေးတွေနဲ့ အလှဆင်ထုပ်ပိုးထားတဲ့ ပါဆယ်ထုပ်ကလေးတစ်ထုပ်ပါလာရဲ့။ အလှစာလုံးတွေနဲ့ ထင်ထင်ရှားရှားရေးသားထားတာက 'Happy Valen-tine's Day My love' တဲ့။ မေ မျက်ရည်များပင် ဝဲလည်လာတဲ့အထိ ဝမ်းသာသွားရပါတယ်။

"ပျော်ရွှင်စရာ ချစ်သူများနေ့ပါ မောင့်ချစ်သူလေးရေ"

မောင်က မေနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီး ပါဆယ်ထုပ်ကလေးကို မေ့ဘက်ကမ်းပေးတယ်။ မေ လက်ကမ်းယူလိုက်တယ်။ မေ့မျက်ဝန်းမှာ ဝဲလည်လာတဲ့ မျက်ရည်စလေးတွေကို မောင်က တစ်ရှူးစလေးနဲ့ ဖွဖွလေးသုတ်ပေးရှာတယ်။ ခဏနေတော့ စားပွဲထိုးလေးက စားစရာတွေလာချပေးတယ်။ မေ့အကြိုက်တွေချည်းဖြစ်နေတာမြင်တော့ မေ အံ့ဩသွားရပြန်တယ်။ တကူးတက ပြောပြတာမျိုးမဟုတ်ဘဲ စကားစပ်မိတဲ့အခါ ပြောမိသွားတဲ့ မေ့အကြိုက်တွေကို မောင်က သေသေချာချာမှတ်သားထားတာပဲ။ မေ့အပေါ် အလေးထားလိုက်ပုံများ။

"ပျော်သလား မေ"

"သိပ်ပျော်တာပဲ"

"ပါဆယ်ထုပ်ကို အခု ဖောက်ကြည့်မလား"

"ဟင့်အင် အဆောင်ရောက်မှ ဖောက်ကြည့်မယ်။ မေ ရင်ခုန်ချင်လို့"

မောင်က ရယ်တယ်။ "ဘာရယ်တာလဲ"

"သဘောကျလို့ပါ၊ ကဲ... မေလဲ ဗိုက်ဆာနေရောပေါ့၊ စားလိုက်ရအောင်"

မေ ဘာမှမစားရသေးဘဲနဲ့ ဗိုက်ပြည့်နေပါပြီ။

"မောင်တို့ရဲ့ ချစ်သူများနေ့လေးက ရိုးရှင်းပေမဲ့ ပျော်စရာတော့ ကောင်းပါတယ်နော် မေ"

မေ ခေါင်းညိတ်ပြလိုက်ပါတယ်။

"မေ ဘယ်လိုနေမယ်မသိပေမဲ့ မောင်ကတော့ သိပ်ပျော်တာပဲ။ မေနဲ့အတူရှိနေခွင့်ရတာနဲ့တင် မောင် ပျော်နေပါပြီ။ မေနဲ့အတူ မြသလွန်ဘုရားကြီးကို ဖူးမြော်ခွင့်ရတာ၊ မေနဲ့အတူ လျှောက်လည်ခွင့်ရတာ၊ မေ့ကို ကိုယ်တိုင်ကိုယ်ကျ လက်ဆောင်ပေးခွင့်ရတာ၊ ဒါတွေက အပိုဆုတွေပေါ့။ ကျန်ရှိနေသေးတဲ့ ဘဝအပိုင်းအခြားလေးမှာ မေနဲ့အတူ အခုလို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းသွားချင်ပါတယ်။ မေကောဟင်"

မောင်က မေ့ကို ကြည့်ပြီး မေးတယ်။

"မေလဲ မောင့်လိုပါပဲကွယ်"

မေ အပြုံးနဲ့လှိုက်လှိုက်လှဲလှဲဆိုလိုက်ပါတယ်။ မောင်က မေ့လက်ကလေးကို ဆွဲကိုင်ပြီးနမ်းရှိုက်လို့နေတယ်။ ရုတ်တရက် လေပြေတစ်ချက် ဝှေ့တိုက်လို့လာတယ်။ လေပြေနဲ့အတူ မောင့် ကိုယ်သင်းနံ့လေးလွင့်ပျံ့လာတယ်။ မေ့တစ်ကိုယ်လုံး နွေးထွေးသွားသလို ခံစားရပါတယ်။

(၆)

"ဩော်... ရှာမှရှားတဲ့ ကျားပေါ့နော်"

မေတို့နှစ်ယောက်ရဲ့ ချစ်သူများနေ့ဖြတ်သန်းမှုကို မမရတီကို ပြောပြတဲ့အခါ မမရတီက အခုလိုမှတ်ချက်ပြုပါတယ်။ မမရတီ ပြောသလို မေ သိပ်ချစ်ရတဲ့ မောင်ဟာ "ရှာမှရှားတဲ့ ကျား" ဖြစ်တယ်ဆိုတာကြောင့် မေ ပျော်ရွှင်ကျေနပ်မိပါတယ်။ ပြီးတော့ မေတို့ ကျင်လည်နေထိုင်ရာ လောကကြီးမှာ မောင့်လိုလူမျိုးတွေ များပြားလာပါစေကြောင်း အကြိမ်ကြိမ်ဆုတောင်းမိပါရဲ့လေ။

# ပန်းတိုင်အထွက်ရအောင် အာဟာရဓာတ်ဖြည့်တင်းစိုက်ပျိုးမှုမြှင့်တင်စို့ (အပိုင်း-၂)

**အာဟာရဓာတ်များ၏ အပင်တွင်းဆောင်ရွက်ခြင်းများအကျဉ်းချုပ်**

အပင်အာဟာရဓာတ်များသည် တစ်မျိုးချင်း၏ စွမ်းဆောင်ရည်ထူးခြားချက်များရှိသကဲ့သို့ တစ်မျိုးနှင့်တစ်မျိုး ယှဉ်တွဲအကျိုးသက်ရောက်မှုများလည်း ရှိသည်။ ယေဘုယျအားဖြင့် အပင်အာဟာရဓာတ် တစ်မျိုးချင်း၏ ဆောင်ရွက်ချက်ကိုသိရှိထားခြင်းဖြင့် သီးနှံ၏ရုပ်လက္ခဏာ ပြောင်းလဲခြင်းအကျိုးဆက်ကို ခန့်မှန်းတွက်ဆနိုင်သည်။

နိုက်ထရိုဂျင်အာဟာရဓာတ်သည် ပရိုတင်းနှင့် နျူကလစ်အက်စစ် အစိတ်အပိုင်းများတွင်ပါဝင်ပြီး အပင်ပိုင်းကြီးထွားမှုအတွက် အစိမ်းရင့်ရောင်ဖြစ်စေသော ကလိုရိုဖေးအပိုင်း ပြည့်စုံစေရေးအတွက် အထောက်အကူပေးသည်။

ဖော့စဖရတ်အာဟာရဓာတ်သည် စွမ်းအင်များ သိုလှောင်ပေးခြင်း၊ ပြောင်းလဲပေးခြင်းတို့တွင်ပါဝင် (ADP and ATP)၊ ပြီး နျူကလစ်အက်စစ်၊ ပိုင်တင်နှင့် ဖော့စပိုလစ်ပစ်အစိတ်အပိုင်းများတွင် ပါဝင်သည်။ အမြစ်ကြီးထွားမှုကို လှုံ့ဆော်ပေးသည်။ အသီးဖြစ်ထွန်းမှု၊ အစေ့ဖြစ်ပေါ်မှုကို အားပေးသည်။ ပဲပင်များ၌ ပဲမြစ်ဖုဖြစ်ပေါ်မှုကို အားပေးသည်။

ပိုတက်စီယမ်အာဟာရဓာတ်သည် ကဆီဓာတ်ဖြစ်စဉ်၊ ကာဗိုဟိုက်ဒရိတ်သယ်ဆောင်မှု၊ အပင်၏ လေရှူပေါက်အဖွင့်အပိတ်၊ ကောက်နှံပင်၏ တောင့်တင်းခိုင်မာစေမှု၊ အင်ဇိုင်းရွေ့လျားပြောင်းလဲမှုများတွင်ပါဝင်သည်။ အပင်တွင်း ရောဂါကျရောက်မှုကို ခုခံနိုင်စွမ်းရှိသော အပင်ဆဲလ်များ၏ ဖွံ့ဖြိုးမှုကိုတိုးစေသည်။

ကယ်လ်စီယမ်အာဟာရဓာတ်သည် အပင်ဆဲလ်များတိုးပွားမှု၊ ဆဲလ်နံရံတည်ဆောက်မှုနှင့် ရေစိမ့်ဝင်မှုတို့တွင် မရှိမဖြစ်လိုအပ်သည်။ ကာဗိုဟိုက်ဒရိတ် ပြောင်းလဲခြင်းနှင့် ပရိုတင်းဖြစ်စဉ်တွင် ကူညီပေးပြီး အပင်များကို အဆိပ်သင့်မှုမှ ကာကွယ်ပေးနိုင်သည်။

မဂ္ဂနီစီယမ်အာဟာရဓာတ်သည် ကလိုရိုဖေး အစိတ်အပိုင်းများတွင် ပါဝင်သည်။ ADP and ATP မှ ဖော့စဖိတ်ဓာတ်ပြောင်းလဲခြင်းတွင် ပါဝင်ပြီး ရိုင်ဘိုဇုန်းအစိတ်အပိုင်းများ တည်ငြိမ်စေရန် ကူညီပေးသည်။

ဆာလဖာအာဟာရဓာတ်သည် အမိုင်နိုအက်စစ် အစိတ်အပိုင်းများ(ဥပမာ-Cystine)၊ ဘိုင်အိုတင်း၊ ဗီတာမင်ဘီဝမ်းနှင့် အင်ဇိုင်းအဖွဲ့စည်းမှုများတွင် ပါဝင်သည်။ ပဲမြစ်ဖုဖြစ်ပေါ်ခြင်းတွင် ပါဝင်ကူညီပြီး ဂလူကိုဆိုဒ် (မုန်ညင်းဆီ) ထဲတွင်ပါရှိသည်။

သံအာဟာရဓာတ်သည် Cytochromes, fer-rodoxins and leghaemoglobin တို့၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး Nitrogenase and nitrate ဓာတ်လျှော့ပေးသော အင်ဇိုင်းများတွင် ပါဝင်သည်။ ကလိုရိုဖေးဖြစ်ပေါ်ခြင်းနှင့် ပရိုတင်းဖြစ်စဉ်များတွင် ပူးတွဲပါရှိသည်။

မဂ္ဂနီအာဟာရဓာတ်သည် အလင်းမှီအစာချက်လုပ်ငန်းစဉ်များ၊ ဓာတ်တိုး၊ ဓာတ်လျှော့လုပ်ငန်းစဉ်များတွင်ပါဝင်ပြီး ATP တည်ဆောက်မှုနှင့် အင်ဇိုင်းရောထွေးမှုတွင် လှုပ်ရှားလေ့ရှိသည်။ IAA ဓာတ်တိုးခြင်းတွင်လည်းပါရှိသည်။

ဇင့်အာဟာရဓာတ်သည် Auxin ထုတ်လုပ်ရာတွင် Tryptophane ခေါ် အမိုင်နိုအက်စစ်များ၏ ပရိုတင်းဓာတ်ဇီဝဆိုင်ရာ ပေါင်းစပ်ပြောင်းလဲမှုများအတွက် လိုအပ်သည်။ ဓာတ်လျှော့ဖြစ်စဉ်နှင့် ကာဗွန်နစ်အင်ဇိုင်းများဓာတ်လျှော့ခြင်း လှုပ်ရှားမှုများ၊ ပရိုတင်းဓာတ်ပြောင်းလဲမှုများ၊ ဖော့စဖရတ်ပြောင်းလဲရွေ့လျားမှုများတွင် ဇင့်ဓာတ်က ကူညီပံ့ပိုးပေးသည်။

ကြေးနီအာဟာရဓာတ်သည် အပင်၏ အလင်းမှီအစာချက်လုပ်ခြင်းနှင့် အသက်ရှူခြင်းလုပ်ငန်းစဉ်များတွင် လျှပ်စစ်ဓာတ်သယ်ဆောင်ပေးသည်။ ပရိုတင်းနှင့်ကာဗိုဟိုက်ဒရိတ် အဆင့်ဆင့်အသွင်ပြောင်းလဲခြင်း၊ နိုက်ထရိုဂျင်ဖမ်းယူထိန်းချုပ်ခြင်းတွင်ပါဝင်သည်။ ပန်းပွင့်၏ဝတ်မှုန်ကူးခြင်းနှင့် အစေ့ဖြစ်တည်ခြင်းတို့တွင် ပါဝင်ကူညီပြီး ဖက်တီးအက်စစ်များပြိုကွဲခြင်းနှင့် ဓာတ်လျှော့ခြင်း ဖြစ်စဉ်များတွင်လည်းပါဝင်သည်။

ဘိုရွန်အာဟာရဓာတ်သည် ကာဗိုဟိုက်ဒရိတ် ဇီဝဖြစ်စဉ်တွင် ပုံမှန်ပါရှိသည်။ ကြီးထွားဖွံ့ဖြိုးသော တစ်ရှူးအစိတ်အပိုင်းသို့ အလင်းမှီအစာချက်ခြင်းမှ သကြားဓာတ်ကို ရွှေ့ပြောင်းရာတွင် ကူညီသည်။ ဝတ်မှုန်များအသက်ရှင်သန်စွမ်းနှင့် အစေ့ဖြစ်ပေါ်မှု ဖြစ်စဉ်များတွင် ပါဝင်သည်။

မိုလဒီနမ်အာဟာရဓာတ်သည် နိုက်ထရိုဂျင်ဓာတ်လျှော့ခြင်းနှင့် နိုက်ထရိုဂျင်ဓာတ်ပေါင်းအမျိုးအစား အင်ဇိုင်းအစိတ်အပိုင်းများထဲတွင် ပါဝင်သည်။ အပင်တွင်း သံဓာတ်စုပ်ယူခြင်းနှင့် ရွှေ့ပြောင်းသယ်ဆောင်ခြင်းတွင်ပါဝင်သည်။

ကလိုရင်းအာဟာရဓာတ်သည် အလင်းမှီအစာချက်မှု၊ အောက်ဆီဂျင်ပြောင်းလဲမှုတွင်ပူးပေါင်းပါဝင်သည်။ အပင်တွင်းဆဲလ်များ၏စိမ့်ဝင်ပျံ့ခြင်း၊ လေရှူပေါက်များ အဖွင့်အပိတ်မှန်ကန်စေခြင်းနှင့် တစ်ရှူးများအတွင်း ဓာတ်လျှော့ခြင်းဖြစ်စဉ်များကို တိုးတက်စေသည်။

**မြေအခြေအနေအရ အာဟာရငုပ်လျှိုးမှုဖြစ်စေသော အနေအထားများ**

မိမိစိုက်ခင်း၏မြေအခြေအနေ၊ မြေ၏ချဉ်ငန်ဓာတ်တည်ရှိမှု၊ မြေဆီလွှာတည်ဆောက်ပုံနှင့် မြေတွင်း၌ သဘာဝမြေဆွေးဓာတ်ပါဝင်နေမှု အနည်းအများ၊ ရေအစိုဓာတ် အစရှိသောမြေ၏ ဖြစ်စဉ်အခြေအနေအရပ်ရပ်သည် အပင်မှ စုပ်ယူစားသုံးရမည့် မြေတွင်းအာဟာရဓာတ်များ ပြောင်းလဲမှု၊ ပါဝင်နိုင်မှုအနည်းအများ၊ ငုပ်လျှိုးမှုဖြစ်စေနိုင်သောအခြေအနေများလည်းရှိသည်။ ၎င်းတို့ကို သိရှိထားခြင်းဖြင့် မိမိစိုက်ခင်းအနေအထားအရ မည်သည့်အာဟာရဓာတ်ချို့တဲ့ခြင်း၊ ငုပ်လျှိုးခြင်း ဖြစ်ပေါ်နေကြောင်းကို အကြမ်းအားဖြင့်ခန့်မှန်းကာ ဖြည့်ဆည်းဆောင်ရွက်နိုင်သည်။

နိုက်ထရိုဂျင်အာဟာရဓာတ်သည် သဘာဝမြေဆွေးဓာတ်နည်းနေခြင်း၊ ရေနစ်မြုပ်နေခြင်းနှင့် သဲဆန်သော မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့ခြင်း ဖြစ်စေသောအနေအထားရှိသည်။

ဖော့စဖရတ်အာဟာရဓာတ်သည် သဘာဝမြေဆွေးဓာတ်နည်းနေခြင်း၊ အက်စစ်ဓာတ် (မြေချဉ်)၊ ထုံးများ(မြေငန်) မြေအခြေအနေအရငုပ်လျှိုးချို့တဲ့ခြင်းဖြစ်စေသော အနေအထားရှိသည်။

**❖ အပင်များမှ အာဟာရဓာတ်များကို ဓာတ်ဖို၊ ဓာတ်မ ဖလှယ်ခြင်းနိယာမပုံစံဖြင့် စုပ်ယူစားသုံးလေ့ရှိကြသည်။ ၎င်းတို့သည် မြေတွင်းရေတွင်ပျော်ဝင်နေပြီး မြေ၏ဖြစ်ပေါ်နေသော ချဉ်ငန်ဓာတ်အခြေအနေများအရ မြေဆီလွှာကြားတွင် စုပုံခြင်း၊ ပျော်ဝင်ခြင်း၊ ရွေ့လျားပြောင်းလဲခြင်း၊ အပင်အမြစ်မှ ဝင်ရောက်နိုင်ခြင်း၊ စိမ့်ဆင်းရေတွင် ပျော်ဝင်သွားခြင်း စသည်ဖြင့် အမျိုးမျိုးဖြစ်ပေါ်ပြောင်းလဲစေသည်။ ဤအခြေအနေများတွင် ဒြပ်စင်တစ်မျိုးနှင့်တစ်မျိုး၏ ရွေ့လျားပြောင်းလဲနိုင်စွမ်းမတူညီကြပေ။ ❖**

ပိုတက်စီယမ်အာဟာရဓာတ်သည် ဓာတ်ဖို ဖလှယ်နိုင်စွမ်းအားနည်းခြင်း၊ သဲဆန်သောမြေ၊ ပိုတက်စီယမ်ဓာတ် ပါဝင်မှုနည်းသောမြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့ခြင်းဖြစ်စေသော အနေအထားရှိသည်။

ကယ်လ်စီယမ်အာဟာရဓာတ်သည် အက်စစ်ဓာတ်ပေါက်ပြီး သဲဆန်နေသောမြေ၊ အလွန်အမင်း အချဉ်ဓာတ်ပေါက်နေသောနွံအိုင်များတွင် မြေအခြေအနေအရငုပ်လျှိုးချို့တဲ့မှုဖြစ်စေသော အနေအထားရှိသည်။

မဂ္ဂနီစီယမ်အာဟာရဓာတ်သည် အက်စစ်ဓာတ်ပေါက်ပြီးသဲဆန်နေသောမြေ၊ အလွန်အမင်းအချဉ်ဓာတ်ပေါက်နေသောနွံအိုင် မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှုဖြစ်စေသော အနေအထားရှိသည်။

ဆာလဖာအာဟာရဓာတ်သည် သဘာဝမြေဆွေးဓာတ်နည်းနေခြင်း၊ ရေနစ်မြုပ်နေခြင်း မြေအခြေအနေအရငုပ်လျှိုးချို့တဲ့မှုဖြစ်စေသော အနေအထားရှိသည်။

သံဓာတ်အာဟာရဓာတ်သည် ထုံးများ(မြေငန်)၊ အက်စစ်ဓာတ်ပေါက်ပြီး မြေတွင် မဂ္ဂနီ၊ ကြေးနီနှင့် ဇင့်ပါဝင်မှုများသော မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှုဖြစ်စေသော အနေအထားရှိသည်။

မဂ္ဂနီအာဟာရဓာတ်သည် သဲဆန်သော မြေများ၊ သံဓာတ်၊ ကြေးနီနှင့် ဇင့်ဓာတ်ပါဝင်မှုများသော မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှုဖြစ်စေသော အနေအထားရှိသည်။

ဇင့်အာဟာရဓာတ်သည် ထုံးကျောက်မြေ၊ ဆားပေါက်မြေ၊ ရေလွှမ်းမြေ၊ ဖော့စဖရတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့်ကြေးနီဓာတ် ပါဝင်မှုများနေသော မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှု ဖြစ်စေသော အနေအထားရှိသည်။

ကြေးနီအာဟာရဓာတ်သည် နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့်ဇင့်ပါဝင်မှုများသော မြေ၊ နွံအိုင်၊ ထုံးကျောက် မြေများအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှုဖြစ်စေသောအနေအထားရှိသည်။

ဘိုရွန်အာဟာရဓာတ်သည် သဲဆန်သောမြေ၊ ထုံးကျောက်မြေ၊ မြေဆွေးဓာတ်နည်းသော မြေ၊ နွံအိုင်မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှုဖြစ်စေသောအနေအထားရှိသည်။

မိုလဒီနမ်အာဟာရဓာတ်သည် မြေချဉ်(အက်စစ်ပေါက်မြေ)၊ သဲဆန်မြေအခြေအနေအရ ငုပ်လျှိုးချို့တဲ့မှုဖြစ်စေသော အနေအထားရှိသည်။

**အာဟာရဓာတ်များစုပ်ယူခြင်းနှင့် ပြောင်းရွှေ့ခြင်း**

အပင်များမှ အာဟာရဓာတ်များကို ဓာတ်ဖို၊ ဓာတ်မ ဖလှယ်ခြင်းနိယာမပုံစံဖြင့် စုပ်ယူစားသုံးလေ့ရှိကြသည်။ ၎င်းတို့သည် မြေတွင်းရေတွင်ပျော်ဝင်နေပြီး မြေ၏ဖြစ်ပေါ်နေသော ချဉ်ငန်ဓာတ် အခြေအနေများအရ မြေဆီလွှာကြားတွင် စုပုံခြင်း၊ ပျော်ဝင်ခြင်း၊ ရွေ့လျားပြောင်းလဲခြင်း၊ အပင်အမြစ်မှ ဝင်ရောက်နိုင်ခြင်း၊ စိမ့်ဆင်းရေတွင် ပျော်ဝင်သွားခြင်း စသည်ဖြင့် အမျိုးမျိုးဖြစ်ပေါ်ပြောင်းလဲစေသည်။ ဤအခြေအနေများတွင် ဒြပ်စင်တစ်မျိုးနှင့်တစ်မျိုး၏ ရွေ့လျားပြောင်းလဲနိုင်စွမ်း မတူညီကြပေ။ ထို့ကြောင့် ပင် အပင်အာဟာရဓာတ်များကို ရွေ့လျားနိုင်မှုအမျိုးအစားအလိုက် အုပ်စုခွဲခြားထားသည်။

မဂ္ဂနီစီယမ်၊ နိုက်ထရိုဂျင်၊ ဖော့စဖရတ်၊ ပိုတက်ဆီယမ်တို့သည် လျင်မြန်စွာရွေ့လျားနိုင်သော အုပ်စုတွင်ပါဝင်သည်။ ဆာလဖာဓာတ်သည် အနည်းငယ် ရွေ့လျားနိုင်သော အုပ်စုတွင်ပါဝင်ပြီး ကြေးနီ၊ သံ၊ မိုလဒီနမ်၊ ဇင့်တို့မှာ ရွေ့လျားမှုနည်းသော အုပ်စုတွင် ပါဝင်သည်။ ဘိုရွန်၊ ကယ်လ်စီယမ်ဓာတ်တို့မှာ ရွေ့လျားမှု အလွန်အမင်းနည်းသော အုပ်စု၌ ပါဝင်သည်။

မြေတွင်းရှိ အပင်အာဟာရဓာတ်တို့ ရွေ့လျားပြောင်းလဲနိုင်စွမ်းပေါ်မူတည်၍ အပင်တွင် အာဟာရဓာတ် ချို့တဲ့ခြင်းဖြစ်ပေါ်သည့် လက္ခဏာရပ်များလည်း ကွဲပြားလာရသည်။ ရွေ့လျားနိုင်စွမ်းရှိသော အာဟာရဓာတ်များ၏ချို့တဲ့ခြင်းကို သက်တမ်းရင့်အရွက်များပေါ်တွင်တွေ့ရှိရပြီး ရွေ့လျားမှုနည်းသောအာဟာရဓာတ်များကို သက်တမ်းနု၊ ထိပ်ပိုင်းအရွက်သစ်၊ အဖူးသစ်များပေါ်တွင် တွေ့ရှိရမည်။ အသီးအစိတ်ပိုင်းများ ပုံပျက်ခြင်း၊ မှုမမှန်ခြင်းသည် ဘိုရွန်ဓာတ်နှင့် ကယ်လ်စီယမ်ဓာတ်ချို့တဲ့မှုဖြစ်နိုင်ပြီး အပွင့်အဖူးပုပ်ခြင်းမှာလည်း ၎င်းဓာတ်များ ချို့တဲ့နေခြင်း သို့မဟုတ် ပမာဏလုံလောက်စွာမရှိခြင်းကြောင့်ဖြစ်နိုင်သည်။ သို့သော် အလွန်အမင်း ရွေ့လျားနိုင်စွမ်းနည်းသော အာဟာရဓာတ်သည် အပင်အစိတ်အပိုင်းများတွင် ပါဝင်နေသော်လည်း အသီးအပွင့်များတွင် အနည်းငယ်သာပါရှိတတ်သည်။ အပင်အမြစ်မှစုပ်ယူသည့် အာဟာရဓာတ်တို့သည် အပင်အစိတ်အပိုင်းများသို့ ဓာတ်ဖို၊ ဓာတ်မ ပြောင်းရွှေ့ခြင်း သဘောတရားအတိုင်း အလိုအလျောက် ရွေ့လျားပြောင်းလဲနေကြသည်။ ဤနေရာတွင် အချို့ဒြပ်စင်တို့၏ ကူညီသယ်ပို့မှုယန္တရားသည် အပင်ဆဲလ်နံရံများမှတစ်ဆင့် အပင်၏အစာရေကြောဆီသို့ ပေးပို့သည့်စနစ်ဖြင့် ပြောင်းလဲနေပြီး အမြစ်မှ အာဟာရစုပ်ယူပေးပို့သည့် အလွန်အမင်းရှုပ်ထွေးနေသော အစာချက်လုပ်ပြောင်းလဲခြင်းများပါ ရောထွေးပါဝင်နေပါသည်။

မှုမှု(မလှိုင်)

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင်ဟင်းသီးဟင်းရွက် ၄၅၈၆ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၀၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက်ကေ ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါပလစ်ကျေးရွာ၌ လမ်းအရှည်ပေ ၂၄၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီ လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၂၅၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကျော်ဦး

# ပုဗ္ဗသီရိမြို့နယ် သရက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဝဲကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဧကာဒသမ အကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၇ ဒသမ ၁၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သရက်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၂၀ ကို ငွေကျပ် ၄၅ ဒသမ ၆သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ ဒသမ ၃၂ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၂၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၇ ဒသမ ၁၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးထံမှ သိရသည်။

နော်လူး

# ဟင်္သာတမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ပွဲရုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှထွေးက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေအရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက မိုးကာလ ဝယ်ယူသိုလှောင်ထားတဲ့ ငရုတ်သီးတွေ ဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတော့ ငရုတ်စိုက်တဲ့တောင်သူတွေ အလုပ်အကိုင် အဆင်ပြေလာတာ တွေ့ရပါတယ်။ ငရုတ်သီးခြောက်တွေက မနှစ်ကထက် ငရုတ်စိုက်သူတွေ နည်းသွားတာရယ်၊ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါအဝယ်လိုက်နေတာရယ်ကြောင့် အရောင်းအဝယ်တွေ ကောင်းနေတာပါ" ဟု ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ပွဲရုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှထွေးက ပြောပြသည်။



ဟင်္သာတမြို့နယ်မှ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက်ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါ ကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းလာသည့် အတွက် စိုက်ပျိုးသူများ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် တောင်နားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နားကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်၊ မြို့နယ် တာဝန်ရှိသူများက တောင်နားကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင် တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၂၅ သန်းဖြင့် တောင်နားကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံ အောက်ခံနှစ်ဖွဲ့ခြင်း၊ ၅၇၅ ဝပ် ဆိုလာရုပ်ချပ် တပ်ဆင်ခြင်း လုပ်ငန်းများကို ဌာနကော်မတီက ယခုနှစ် မေလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

ကိုသက်

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

# ပယင်း နှင့် ကျန်းမာရေး

ပေါက်ပေါက်

**ပယင်းအကြောင်း သိကောင်းစရာ**

ပယင်းသည် စင်စစ်အားဖြင့် ကျောက်မဟုတ်ပါ။ ဇီဝမူလ ကျောက်မျက်အမျိုးအစားဖြစ်သည်။ ပယင်းဖြစ်တည်မှုရာဇဝင်ကို လေ့လာကြည့်ရာ၌ ဦးစွာပထမသစ်ပင်သည် မိမိကိုယ်ကိုကာကွယ်ရန်အတွက် သဘာဝအလျောက်သစ်ပင်မှသစ်စေး ထွက်ရှိလာသည်။ သစ်စေးထွက်ရသော အကြောင်းရင်းမှာ သစ်ပင်လုံးပတ်ကြီးတွင် သဘာဝကြောင့်သော်လည်းကောင်း၊ တိရစ္ဆာန်တွေကြောင့်သော်လည်းကောင်း ထိခိုက်မှုတစ်စုံတစ်ရာဖြစ်သည့်အခါ အပင်ကရှင်သန်ဖို့အတွက် ပင်စည်၏အလယ်က သဘာဝအလျောက် သစ်စေးကို ထုတ်လုပ်ပေးသည်။ ယင်းသစ်စေးသည် နှစ်ချီကြာလာသည့်အခါ ကျောက်အဖြစ်သို့ပြောင်းလဲသွားရာ ၎င်းကို "ပယင်း" ဟုခေါ်ကြသည်။ ထို့ကြောင့် ပယင်းသည် အပင်မှဖြစ်တည်သည့် အော်ဂဲနစ်ပစ္စည်းဖြစ်သည်။

ပယင်းတွင် တိကျသောဓာတုဖွဲ့စည်းမှုသော်လည်းကောင်း၊ ပုံဆောင်စနစ်သော်လည်းကောင်း မရှိပေ။ ဓာတုဖွဲ့စည်းမှုအားဖြင့် ဟိုက်ဒရိုကာဘွန်နိတ်ဒြပ်ပေါင်းများဖြစ်သည်။ ပယင်းသည် အပေါ့ပါးဆုံးဖြစ်ပြီး သိပ်သည်းဆ ၁ ဒသမ သုည ၇ နှင့် မာခြင်းအဆင့် ၂ ဒသမ ၅ သာရှိသောကြောင့် မီးအပူဒဏ်နှင့် ငရဲမီးဒဏ်တို့ကိုမခံနိုင်ပေ။ ထို့ကြောင့် သတိထားထိန်းသိမ်းရန်လိုအပ်သည်။ မီးရှို့လျှင်အလွယ်တကူ လောင်ကျွမ်းနိုင်ပြီး စူးရှရှအနံ့မျိုးရသည်။ ပယင်းသည် သဘာဝအလျောက်အရောင်အားဖြင့် ၅၀ ကျော်ရှိသည်။ ရွှေရောင်ပယင်းကိုဈေးကွက်တွင် လူကြိုက်များသည်။ အစိမ်း၊ ကြံရည်စိမ်း၊ အနီ၊ နီညို၊ လိမ္မော်၊ ချယ်ရီနီ၊ အဝါ၊ အဖြူ၊ အနက် စသည်ဖြင့် အမျိုးမျိုးတွေ့ရတတ်ပြီး ခရမ်းပြာရောင် ကရှားပါးသည်။

ပယင်းသည် လူသားတို့၏ အဆင်တန်ဆာအဖြစ်အသုံးပြုခဲ့ကြသော ရတနာထဲမှ ရှေးအကျဆုံးရတနာထဲတွင် ပါဝင်သည်။ ပယင်းပုတီး၊ ဆွဲပြား၊ ဆွဲသီးများကို ဥရောပမြောက်ပိုင်းတွင် ဘီစီ ၈၀၀၀ ခန့်ကတည်းက အသုံးပြုခဲ့ကြကြောင်း သိရသည်။ ပယင်းသည် အနည်ကျကျောက်အမျိုးအစားဖြစ်သဖြင့် အောက်ခြေပိုင်းရှိကျောက်များတွင် အနည်အနှစ်များပါရှိနေတတ်သည်။ ပယင်းဖြစ်ရန်အတွက် နှစ်ပေါင်းဆယ်သန်းမျှလိုအပ်သည်။ တန်းဝင်သော ပယင်းသည် ကျောက်မျက်ရတနာအဆင့်မီသွားသည်။

သစ်ပင်၏ အစေးမှဖြစ်လာသော ပယင်းထဲတွင် ပယင်းမဖြစ်မီသစ်စေးအခြေအနေ၌ မတော်တဆလာရောက်ကပ်ငြိနေသောသစ်ပင်၏ အစအနများနှင့် ပျား၊ လိပ်ပြာ၊ ပုရွက်ဆိတ်၊ ပိတုန်း စသော အကောင်ငယ်များမှာ ရုန်းထွက်မရတော့ဘဲသစ်စေးများနှင့်အတူ ပိတ်မိနေတတ်သည်။ နှစ်သန်းပေါင်းများစွာကြာသောအခါ ၎င်းအကောင်ငယ်များနှင့် အခြားသောပစ္စည်းများသည် ပယင်းထဲတွင် ရုပ်ကြွင်းအဖြစ် ပါဝင်နေတတ်သည်။ ပယင်းထဲတွင် တိရစ္ဆာန်(အကောင်) တစ်မျိုးမျိုးပါရှိပါက ကျောက်မျက်ရတနာထက်ပို၍ တန်ဖိုးမြင့်သည်။

**ပယင်း နှင့် ကျန်းမာရေး**

နိုင်ငံတချို့၌ ပယင်းကိုရေမွှေးများဖော်စပ်ရာတွင်လည်းကောင်း၊ ဆေးဖော်စပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင်



ပယင်းကို အဆီထုတ်၍ရရှိလာသော ပယင်းဆီဖြင့် ပယင်းပရုပ်ဆီ၊ ပယင်းရှူဆေး၊ ဖယောင်းလိမ်းဆေး၊ သောက်ဆေး၊ ပယင်းသံလွင်ဆီ စသည်ဖြင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသည်။ ပယင်းက မြန်မာနိုင်ငံတွင်ထွက်သကဲ့သို့ အခြားနိုင်ငံများမှာလည်းထွက်ရှိသည်။ ဥရောပတွင် ပယင်းနှင့်ထုတ်လုပ်ထားသော ကင်ဆာပျောက်ဆေးအမျိုးမျိုးရှိသည်။ ခန္ဓာကိုယ်အတွက် အမှန်တကယ်အကျိုးပြုသည့် သဘာဝကပေးသော လက်ဆောင်အဖြစ် အကျိုးရှိရှိအသုံးချနိုင်သည်။

ပယင်းကိုဝတ်ဆင်ခြင်းဖြင့် လူသား၏ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ နားထိုင်းခြင်း၊ မြုံခြင်း၊ လည်ပင်းနာခြင်း၊ နားကိုက်ခြင်း၊ အစာမကြေခြင်း၊ လေးဖက်နာနှင့် ကိုယ်ခန္ဓာတွင်း၌ဖြစ်သောရောဂါများကိုသက်သာစေသည်။ ပယင်းလုံးကို လက်ထဲတွင်ဆုတ်ကိုင်ကစားပေးခြင်းဖြင့် ဖျားနာခြင်းကို သက်သာပျောက်ကင်းစေသည်။ ပယင်းသည်ဝတ်ဆင်သူ၏မျက်စိအမြင်ကို တိုးတက်ကောင်းမွန်နိုင်သည်။ ပယင်းသည် သွေးလည်ပတ်မှုကို အားကောင်းစေသည်။ ခန္ဓာကိုယ်၏ဆဲလ်အသစ်ဖြစ်တည်မှုကိုလည်း အားပေးသည်။ ဟော်မုန်းများကို အထောက်အပံ့ပေးသည်။ ထို့ပြင် အပူကိုလည်း စုပ်ယူမှုအားကောင်းသဖြင့် ကိုယ်တွင်း အပူလျှော့ချပေးကာ ခန္ဓာကိုယ်၏ဖြစ်တည်မှုကို လွန်စွာကောင်းကျိုးပြုသည်။

ပယင်းကိုလည်ဆွဲအဖြစ်ဆွဲလျှင် လေးဖက်နာ၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ ကျီးပေါင်းတက်ရောဂါ စသည်တို့ကို သက်သာစေသည်။ ပယင်းဖြင့် ထုတ်လုပ်ထားသောလိမ်းဆေးအဆီကို လိမ်းပေးခြင်းဖြင့်ခြေလက်ကိုက်ခဲရောဂါများနှင့်ကလေးငယ်များကျောပူ၊ခေါင်းပူရောဂါတို့ကိုသက်သာစေသည်။ နေပူပူတွင် အလုပ်လုပ်ရသူများအနေဖြင့် ပယင်းလည်ဆွဲ၊ လက်ကောက် ဝတ်ဆင်ထားသင့်သည်။ အကြောင်းရင်းမှာ ပယင်း၏ဂုဏ်သတ္တိက လူ့ခန္ဓာကိုယ်ရှိချွေးဖြင့်ထိတွေ့ပြီး ဆဲလ်တွေကိုအားဖြည့်ပေးသည်။

တရုတ်လူမျိုးများသည် သွေးလည်ပတ်မှုကောင်းစေရန်အတွက်လည်းကောင်း၊ ကံကောင်းစေရန်အတွက်လည်းကောင်း ပယင်းကိုအဆောင်အဖြစ်ဝတ်ဆင်ကြသည်။ပယင်းကို အလှကျက်သရေတိုးအောင်ဝတ်ဆင်နိုင်ပြီး ယေဘုယျအားဖြင့် ဆွဲဆောင်မှုညို့ဓာတ်ကို ဖြစ်စေနိုင်သည်။ ပယင်းဝတ်ဆင်သူများမှာ အချစ်ရေးတွင် ဆွဲငင်အားကောင်းခြင်း၊ စိတ်ချမ်းသာပျော်ရွှင်မှုခံစားရခြင်းတို့ကို ပေးစွမ်းသည်။

အမျိုးသမီးများအတွက် ငါး၊ ဖား၊ ယုန်ရုပ်များ ထုလုပ်၍လည်းကောင်း၊ အမျိုးသားများအတွက် ခြင်္သေ့၊ ခွေး၊ နဂါးရုပ်များထုလုပ်ပြီး ဝတ်ဆင်ခြင်းအားဖြင့် ကာမစွမ်းအားကောင်းစေပြီး သားသမီးထွန်းကားစေသည်ဟု ယုံကြည်ကြသည်။ ပယင်းအမှုန့်ကို သားဖွားခါစမိခင်လောင်း၏ အနီးတွင်မီးရှို့ပေးခြင်း သို့မဟုတ် မီးခဲပေါ်တွင် အမှုန့်ဖြူးပေးခြင်းဖြင့် သားဖွားရလွယ်ကူသည်ဟု ရှေးကယုံကြည်ခဲ့ကြသည်။

ပယင်းလက်ဝတ်ရတနာများ အထူးသဖြင့် ဘောလ်တစ်ပယင်း (Boltic Amber) ခေါ် နှစ်သန်းပေါင်းများစွာ သက်တမ်းရှိသောထင်းရှူးပင်၏ ကျောက်ဖြစ်ရုပ်ကြွင်းသစ်စေးကို ဝတ်ဆင်ခြင်းသည် လည်ပင်း၊ ဦးခေါင်း၊ လည်ချောင်း နှင့် အဆစ်အမြစ်များတွင်ဖြစ်ပေါ်သောနာကျင်မှုကို သက်သာစေသည်။

အရေပြားနှင့်ထိတွေ့သောအခါ ပယင်းသည် နွေးလာပြီး ၎င်းတွင်ပါဝင်သောဆပ်စင်းနစ်အက်ဆစ် (Succinix Acid) ကို ထုတ်လွှတ်ပေးသည်။ ထိုအက်ဆစ်သည် သဘာဝအကိုက်အခဲပျောက်ဆေးနှင့် အရောင်ကျစေသော ဂုဏ်သတ္တိများရှိသည်။

ကလေးငယ်များ သွားပေါက်ခါစတွင်ဖြစ်တတ်သောသွားဖုံးရောင်ရမ်းခြင်းနှင့် နာကျင်ခြင်းများကိုသဘာဝနည်းဖြင့် သက်သာစေရန်အတွက် ပယင်းဆွဲကြိုး သို့မဟုတ် လက်ကောက်များကို ဝတ်ဆင်ပေးနိုင်သည်။ ပယင်းသည် ခန္ဓာကိုယ်၏ ခုခံအားစနစ်ကောင်းမွန်စေပြီး အအေးမိခြင်း၊ ရောဂါပိုးဝင်ခြင်းနှင့် ဓာတ်မတည့်ခြင်းများကို တိုက်ဖျက်ရာတွင်အထောက်အကူပြုသည်။

ပယင်းသည် စိုးရိမ်ပူပန်မှုနှင့် အလွန်အမင်းပင်ပန်းနွမ်းနယ်မှုတို့ကို လျှော့ချပေးပြီး ခန္ဓာကိုယ်ကို ဆိတ်ငြိမ်သက်စေကာ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းအင်များကို မြှင့်တင်ပေးသည်။ ပယင်းဆွဲကြိုးဝတ်ထားခြင်းသည် သိုင်ရွိုက်ဂလင်း၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေရန် အထောက်အကူပြု ပေးနိုင်သည်။

ပယင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများသည် အထက်တွင်ရေးသားဖော်ပြထားသကဲ့သို့ ရှေးရိုးအစဉ်အလာ ယုံကြည်မှုနှင့် ပုဂ္ဂိုလ်ရေးအတွေ့အကြုံများအပေါ် အခြေခံပြီး ယနေ့ခေတ်တွင် သိပ္ပံနည်းကျသုတေသနများ ပိုမိုလိုအပ်နေဆဲဖြစ်သည်။ သို့သော် ကျောက်မျက်မဟုတ်သော သစ်ပင်၏အစေးမှဖြစ်သော ပယင်းကို လူတို့သည် လက်ဝတ်ရတနာအဖြစ်သာမက ကျန်းမာရေးအတွက်အသုံးပြုနိုင်သည်ကို လေ့လာဖော်ပြလိုက်ပါသည်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အောင်နိုင်တိုးစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းအောင်နိုင်တိုးစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အောင်နိုင်တိုး စပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလတစ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည် ။

'' ပြီးခဲ့တဲ့တစ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေပါတယ်။အောင်နိုင်တိုး စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ ဆန်ကြမ်းဆိုပေမဲ့လဲ လူအများစုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်တယ်။ အောင်နိုင်တိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှား အလမ်း အဆင်ပြေနေကြောင်းလိုက်သူများ အလုပ်အကိုင်အခွင့် သိရသည်။ **ကျော်ကျော်လင်း**

# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

ကိုယဉ်ချစ်(မန္တလေး)

တန်ဆောင်မုန်းလသည် မြန်မာတို့၏ဆယ့်နှစ်လ ရာသီတွင် အဋ္ဌမမြောက်လဖြစ်သည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင် တန်ဆောင်မှုန်၊ တန်ဆောင်မှုန်း ဟုရေးထိုးခဲ့ကြသော်လည်း အင်းဝခေတ်တွင် တန်ဆောင်မုန်းဟု ရေးသားခဲ့ကြကြောင်း လေ့လာရသည်။ တန်ဆောင်သည် မီးရှူးမီးတိုင်ဖြစ်ပြီး မှုန်းသည် ထွန်းလင်းတောက်ပခြင်းဖြစ်သည်။ တန်ဆောင်မှုန်းဟုခေါ်ဆိုခဲ့ကြသော တန်ဆောင်မုန်းလသည် မီးရှူးမီးတိုင်ဖြင့် အလင်းရောင်သယ်ဆောင်၍ ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင် ထွန်းပြောင်စေသောလဟုလည်းဆိုကြသည်။

တန်ဆောင်မုန်းလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိသည်။ ဗေဒင်အခေါ် ဗြိစ္ဆာရာသီ၊ နက္ခတ်မှာ ကြိတ္တိကာနက္ခတ်၊ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်ပြီး ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။

မြန်မာ့ရိုးရာအစဉ်အလာများအရ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်များကို ကျင်းပကြသည်။ တန်ဆောင်တိုင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပသောမီးထွန်းပွဲဟု မြန်မာအဘိဓာန်တွင်အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယခုကာလတွင် တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲတော်၊ ပုံ့သကူပွဲတော်၊ ဆီမီးထွန်းပွဲတော်နှင့် မီးပုံးပျံပွဲတော်၊ သာမညဖလအခါတော်နေ့၊ စတုဒိသာလှူဒါန်းပွဲတော် (နိဗ္ဗာန်ဈေးပွဲတော်)၊ ကျီးမနိုးပွဲများကို ကျင်းပကြသည်။

**ကထိန်ပွဲတော်**

ဗုဒ္ဓဘာသာဝင်တို့သည် မင်္ဂလိုရ်နိဗ္ဗာန်ကို ရည်သန်ဆုတောင်းကြ၍ တစ်နှစ်တွင်တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင်တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းဟူသည့် ဝိနည်းဒေသနာတော်အတိုင်း ကထိန်သင်္ကန်းလှူဒါန်းကြသည်။ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်းသာ လှူဒါန်းရခြင်းကြောင့် ကာလဒါနမြောက်သော အလှူဒါနတစ်ခုလည်းဖြစ်သည်။

ကထိန်ဆိုသည်မှာ ကထိနဆိုသည့် ပါဠိဝေါဟာရမှဆင်းသက်လာပြီး သင်္ကန်းအဝတ်ကို အရောင်ဆိုးခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ လှူဒါန်းခြင်း၊ ခင်းကျင်းခြင်း စသည့်သင်္ကန်းနှင့်ပတ်သက်သည့် အကြောင်းအရာအားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်သည်။ ကထိန်ခင်းထိုက်သော သင်္ကန်းကထိန်ကပ်လှူနည်း၊ ကထိန်၏အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသောရဟန်းတော်၏အခွင့်အရေး စသည်ဖြင့်ကျယ်ပြန့်လှသည် ။ ဘုရားမှာစိန်၊ ဆွမ်းမှာပိဏ်၊ သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်ဆိုစကားအတိုင်း ကထိန်သင်္ကန်းကို ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာ့ဂုဏ်တော်ကို ရည်မှန်းလှူဒါန်းရခြင်းကြောင့် သံဃိကဒါနမြောက်သောအလှူဒါနဖြစ်သည်။

ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်အား ဖူးမျှော်ရန်အတွက် အရညစုတင်၊ ပံ့သကူစုတင်၊ တိစိဝရိတ်စုတင်ဆောက်တည်ကြ သော ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် လမ်းခရီး၌ ဝါဆို၍ သာကေတမြို့တွင် ဝါကပ်ကြသည် ။ ဝါကျွတ်သည့်အခါ ပဝါရဏာပြုပြီး သာဝတ္ထိမြို့သို့ ခြေကျင်ခရီးဖြင့်ကြွလာခဲ့ကြရာ လမ်းခရီးတွင် မိုးသည်းထန်စွာရွာသွန်း၍ မိုးရေများစိုရွှဲခဲ့ကြသည်။ မိုးရေစိုနေသောသင်္ကန်းများဖြင့် မြတ်စွာဘုရားအား ဖူးမျှော်ကြသည်ကို မြတ်စွာဘုရားက မြင်တွေ့သောအခါ ထိုရဟန်းများကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသောရဟန်းတို့ကို သင်္ကန်းကပ်လှူခွင့်သို့မဟုတ် ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့သည်။ ထိုအချိန်မှစတင်၍ ကထိန်သင်္ကန်းဖြစ်ပေါ်ခဲ့သည်ဟု မှတ်သားရသည်။

ကထိန်သင်္ကန်းကပ်လှူသူသည် မိမိသွားလိုရာခရီးကို အတားအဆီး၊ အနှောင့်အယှက်မရှိသွားလာနိုင်ခြင်း၊ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း၊ အစာအဆိပ်သင့်မှုဘေးအန္တရာယ်မှကင်းဝေးနိုင်ခြင်း၊ မိမိပစ္စည်းများကို အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်း၊ မိမိပစ္စည်းဥစ္စာများကို သူတစ်ပါးနိုင်ထက်စီးနင်းယူဆောင်ခြင်းမှကာကွယ်နိုင်ခြင်း စသည့်အကျိုးများ

> ❖ မြန်မာ့ရိုးရာအစဉ်အလာများအရ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်များကို ကျင်းပကြသည်။ တန်ဆောင်တိုင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပသောမီးထွန်းပွဲဟု မြန်မာ အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယခုကာလတွင် တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲတော်၊ ပုံ့သကူပွဲတော်၊ ဆီမီးထွန်းပွဲတော်နှင့် မီးပုံးပျံပွဲတော်၊ သာမညဖလအခါတော်နေ့၊ စတုဒိသာလှူဒါန်းပွဲတော် (နိဗ္ဗာန်ဈေးပွဲတော်)၊ ကျီးမနိုးပွဲများကို ကျင်းပကြသည်။ ❖

ကို ခံစားရနိုင်သည်။ ကထိန်သင်္ကန်းကပ်လှူမှုသည် သံဃာ့လက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းရေစက်ချပြီးမှ အလှူဒါနမြောက်သည်။

**မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ**

မသိုးသင်္ကန်းသည် ကထိန်သင်္ကန်းတစ်မျိုးဖြစ်သည်။ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အား ရည်မှန်း၍ နေ့မကူးဘဲ အရုဏ်မတက်မီ ညတွင်းချင်းရက်လုပ်ပူဇော်ရသောသင်္ကန်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့သည် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခွင့်ရသော နောက်ဆုံးနေ့ဖြစ်ရာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညတွင် လူအများကိုဖိတ်ကြား၍ စတိသဘောဝါစေ့ကိုကြဲပက်ခြင်း၊ ဝါပေါက်ကောက်၍ ဝါဖန်၊ ဝါကြိတ်၊ ဝါဖတ်ခြင်း၊ ဂွမ်းဖတ်ကို ဗိုင်းတောင့်လိပ်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ယောက်ခြင်း၊ယောက်ပြီး ချည်ငင်ကိုဆေးဆိုးအစာတင်၍ မီးကင်ခြင်း၊ ခြောက်သွေ့အောင်လှန်း၍ရက်ဖောက်ယောက်ခြင်း၊ ရက်ကန်းရက်ခြင်းများပြုလုပ်၍ ရက်ကန်းစင်၌ တင်ကာ အရုဏ်မတက်မီ အပြီးရက်လုပ်ကြရသည်။ ရက်လုပ်ပြီး သင်္ကန်းကိုအရုဏ်မတက်မီ မြတ်စွာဘုရားအား ရည်မှန်း၍ ဆက်ကပ်ပူဇော်ကြသည်။ နေ့ကူးသွားလျှင် သိုးသည်ဟူသောအယူအဆဖြင့် အချိန်မီအပြီး ရက်လုပ်ရသဖြင့် မသိုးသင်္ကန်းဟုခေါ်ဆိုကြခြင်းဖြစ်သည်။

**ပုံ့သကူလှူဒါန်းပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကုသိုလ်ပြုလိုသူ အလှူရှင်များသည် မိမိတို့တတ်နိုင်သမျှ ငွေ၊ အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို အထုပ်တစ်ထုပ်စီထုပ်ပိုး၍ လူမသိအောင် နေရာအနှံ့အပြားတွင် လျှို့ဝှက်၍ချထားသည်။ ၎င်းအထုပ်များကို ရှာဖွေတွေ့ရှိသူများ၏ပျော်ရွှင်မှုကို အလှူရှင်များက ကြည်နူးဝမ်းသာဖြစ်ကြသည်။ တချို့က သွားရင်းလာရင်းပံ့သကူပစ္စည်းများကိုချထားခဲ့ကြသည်။ တချို့က အဓိဋ္ဌာန်ပြု၍ နှစ်စဉ်ပံ့သကူပစ်ခြင်း အလှူဒါနပြုလုပ်ကြသည်။

**ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဗုဒ္ဓအလောင်းတော်၏ဆံတော်ကိုဌာပနာပြီး နတ်ပြည်တွင်တည်ထားသည့် စူဠာမဏိစေတီတော်ကိုရည်မှန်းကာ ဘုရားစေတီပုထိုးများ၊ နေအိမ်များတွင် ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းတို့ပြုကြသည်။ ယခုအခါ တောင်ကြီး၊ ပြင်ဦးလွင်မြို့တို့တွင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ ယခုအခါ မီးရှူးမီးပန်းများပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းများကိုပါ ပြုလုပ်ကြသည်။

**သာမညဖလ အခါတော်နေ့**

အဇာတသတ်မင်းသည် ကျေးဇူးရှင်ဖခင်ကိုသတ်ခဲ့သည့်အကုသိုလ်ကံကြောင့် စိတ်သောကဝေဒနာခံစားနေရမှုကို ပျောက်ကင်းစေရန် ကြိုးပမ်းခဲ့သည်။ ဆရာဇီဝက၏အကြံပြုချက်အရ သရက်ဥယျာဉ်တော်၌ သီတင်းသုံးနေတော်မူသည့် မြတ်စွာဘုရားထံ တွေ့ဆုံဖူးမျှော်၍ လောက၌အတတ်ရှင်သည် မိမိအတတ်ကိုမှီ၍ ချမ်းသာစွာအသက်မွေးနိုင်၏။ ရသေ့ရဟန်းပြုခြင်း၏ ယခုဘဝအကျိုးကို ပြနိုင်စရာရှိပါ၏လားဟူသော အမေးပုစ္ဆာကိုလျှောက်ထားခဲ့ရာ ဘုရားရှင်က ရဟန်းအဖြစ်၏အကျိုးအဆင့်ဆင့်ပါသော သာမညဖလသုတ္တန်တော်ကို အဇာတသတ်မင်း နားလည်အောင် သာဓကများစွာဖြင့် ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားက အဇာတသတ်မင်းအား အမြင်မှန်ရအောင် တန်ဆောင်မုန်းလပြည့်နေ့ညတွင် သာမညဖလသုတ္တန်ကိုလမ်းပြဟောကြားခဲ့သည်ကို ပူဇော်သောအားဖြင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ်ပူဇော်ကြခြင်းဖြစ်သည်။

**စတုဒိသာလှူဒါန်းပွဲ(နိဗ္ဗာန်ဈေးပွဲတော်)**

တန်ဆောင်မုန်းလပြည့်နေ့၌ ရပ်ရွာများ၊ လမ်း များအတွင်းတွင်လာသမျှလူများကိုအယုတ်အလတ်အမြတ်မရွေး စားသောက်ဖွယ်ရာများကျွေးမွေးကုသိုလ်ပြုကြခြင်းဖြစ်သည်။ ရပ်ကွက်များ၊ ရုံးဌာနများ၊ အဖွဲ့အစည်းများ၌ အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်၍ လှူဒါန်းခြင်းများကို နိဗ္ဗာန်ဈေးပွဲတော်အဖြစ်ကျင်းပကာ တပျော်တပါးဖြင့် ကုသိုလ်ပြုကြသည်။ ကုသိုလ်ပြုကြရသည့်အတွက် ကုသိုလ်ရသည့်အပြင် ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ပျော်ရွှင်မှုများကိုခံစားကြရသည့် ပွဲတော်တစ်ခုဖြစ်သည်။

**ကျီးမနိုးပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်နက်ချိန်တွင် လူငယ်လူရွယ်များသည် အပျော်သဘောဖြင့် နေအိမ်ခြံဝန်းအပြင်ဘက်နှင့် လမ်းဘေးရှိပစ္စည်းများကိုပိုင်ရှင်များမသိအောင်ယူဆောင်၍ လမ်းများ၊ လမ်းထောင့်များတွင် စုပုံထားကြသည်။ ပိုင်ရှင်များသည် မနက်မိုးလင်းမှ မိမိတို့ပစ္စည်းများကို ပြန်လည်ယူဆောင်ကြရသည်။ အချို့က နေအိမ်များမှ ကြက်၊ ဘဲများကို ပိုင်ရှင်မသိအောင်ယူငင်၍ တပျော်တပါး ချက်ပြုတ်စားသောက်ကြသည်။ ကာလသားလူငယ်များ ချက်ပြုတ်သည့်ကြက်သားဟင်းကိုကြက်သားကာလသားချက်ဟု ခေါ်ဆိုခဲ့ဟန်တူသည်။ လူငယ်များ အပျော်သဘောပြုလုပ်ကြခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် အပျော်သဘောမျိုးမဟုတ်တော့ဘဲ အရက်သေစာသောက်စားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ပစ္စည်းဥစ္စာများခိုးယူခြင်း စသည့်ဥပဒေမဲ့လုပ်ရပ်များကိုပါလုပ်ဆောင်လာကြသည်။ ရိုးရာအစဉ်အလာကောင်းများကိုထိခိုက်စေပြီး ဥပဒေကိုဖောက်ဖျက်ကျူးလွန်ခြင်းမဖြစ်စေရန် ဝိုင်းဝန်းတားဆီးသင့်သည်။

**ဆေးပေါင်းခသည့် ညနှင့် မဲဇလီဖူးသုပ်**

ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်နေ့ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသည်ဟုအဆိုရှိသည်။ ထို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည့်အပင်ဟုယုံကြည်ကာ ရာသီချိန် ဖူးပွင့်နေသည့် မဲဇလီဖူးများကိုပြုတ်၍ မြေပဲဆန်ထောင်း၊ ကြက်သွန်နီကြော် စသည်တို့ဖြင့်သုပ်ကာ ဝေငှလှူဒါန်းစားသောက်ကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ ည ၁၂ နာရီတိတိအချိန်သည် ဆေးပေါင်းခသည့် ည၏အစွမ်းထက်ဆုံးအချိန်အဖြစ် သတ်မှတ်ကာ မြန်မာတိုင်းရင်းသမားတော်ကြီးများက ဆေးမျိုးစုံဖော်စပ်လေ့ရှိသည်ဟုလည်း မှတ်သားရသည်။

တန်ဆောင်မုန်းလ၌ကျင်းပသည့် တန်ဆောင်တိုင်ပွဲတော်များသည် မြန်မာ့ရိုးရာအစဉ်အလာမပျက်ဆင်နွှဲကြသည့် ကုသိုလ်ဒါနပြုကြသည့် ပွဲတော်များဖြစ်သကဲ့သို့ ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ကြသည့် ပွဲတော်များဖြစ်သည်။ နောင်လာနောက်သားများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရင်း စည်းလုံးညီညွတ်စွာဖြင့် တန်ဆောင်တိုင်ပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင် ဆင်နွှဲပျော်ရွှင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ ပညာရေးဝန်ကြီးဌာန**
- **ဆရာသုခ၏မှတ်အပ်၊ မှတ်ရာမှတ်စုပဒေသာသုခမှတ်စု**
- **နေ့စဉ်ထုတ်သတင်းစာများ**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့်။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား။ Ph:09-780678007

ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့်။ Ph:09-880909040

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန် အချက်များ
# ( အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း )

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"လွှတ်လပ်မျှတ၊ မဲပေးကြ"

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၅၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၅၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၈၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက လျာထားဧကပြည့်မီစေရန် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ဧက ၅၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ထောပတ်ပဲ ၈၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီစေဖို့ အောက်တိုဘာလ ပထမပတ်က စပြီး စိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ဧက ၅၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီစေဖို့နဲ့ သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့အတွက် တောင်သူတွေကို ထောပတ်ပဲသီးနှံ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး မြေမှန်၊ မျိုးမှန် စနစ်တကျစိုက်ပျိုးကြဖို့၊ မြေဩဇာနဲ့သွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းတွေကို ကြိုတင်ဆောင်ရွက်ကြဖို့စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲစိုက် တောင်သူများကို အခက်အခဲမရှိအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်နိုင်ပျိုးရေး၊ သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ မြေမှန်မျိုးမှန်စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်ရေးနည်းလမ်းများစသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲသီးနှံကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၈၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၁၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကွမ်းသီးခြောက်တွေက နွေရာသီကလုပ်ပြီး သိုလှောင်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန်အများအပြား ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး စနစ်တကျ အလုံးအတိုင်းနှင့်ခွဲစိတ်ပြီး ပုံစံနှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်များအများအပြား တင်ပို့ရောင်းချရသည့်အတွက် ကွမ်းသီးခြောက်သိုလှောင်ထားသူများ၊ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အဆင်ပြေလာကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရတနာပုံတက္ကသိုလ်၊ ငွေကိုင်ဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ဇာနည်ဝင်း (ခ) ဒေါ်ဇာနီဝင်း (ဘ) ဦးဘိုကေ(၉/သစန(နိုင်)၀၉၂၀၅၅)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဇာနည်ဝင်း (ခ) ဒေါ်ဇာနီဝင်း
(၉/သစန(နိုင်)၀၉၂၀၅၅)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်(၂၅၄)နေ မောင်သက်နောင် (ဘ) ဦးချစ်ကို(၉/ခအဇ(နိုင်) ၀၂၁၆၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-738679)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-673772771

## သမီးအဖြစ်မှ အမွေပြတ်ပြန်လည်ရုတ်သိမ်းခြင်း

၈-၁-၂၀၂၄ ရက် ရတနာပုံသတင်းစာ စာမျက်နှာ (၃၁)၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ ဦးကျော်နိုင် + ဒေါ်သန်းငွေတို့၏သမီး မဝေဇင်ဦး(၉/ကဆန(နိုင်)၁၅၂၄၉၀)အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာအား ယနေ့မှစ၍ ပြန်လည်ရုတ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်နိုင်(၉/စကတ(နိုင်)၀၅၆၀၃၃)
ဒေါ်သန်းငွေ(၉/စကတ(နိုင်)၀၁၄၂၉၅)

## အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အထက(ခွဲ)၊ ကြည့်မြင်တိုင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးပိုင်၏သား မောင်ဟိန်းထက်ပိုင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဟိန်းသက်ပိုင် ဖြစ်ပါကြောင်း။ **မောင်ဟိန်းသက်ပိုင်**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ မသဲစုခိုင် (ဘ) ဦးသန်းထွန်း(၉/မဟမ(နိုင်)၀၂၀၇၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-657377)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-777722655

**အဖိုးတန် ရေချိုကို ချွေတာပါ**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အဆင့် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ




ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသားအုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် မကွေးဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်း ပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၄ ☆

## အားကောင်းသော မုန်တိုင်းငယ် နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်




နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောအားကောင်းသောမုန်တိုင်းငယ်(Deep Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၄၀၅ မိုင်ခန့်၊ ကာကီနာဒါမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ❑

## သီပေါမြို့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်လက်ဝင်ရောက်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများ

စာမျက်နှာ ၁၉ ကော်လံ ၁ ❖

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar